မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၁၂ ]** ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် ( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၆**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ပါမောက္ခဒေါက်တာဇော်ဝေစိုး | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (၁) ရန်ကုန်<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) ပါမောက္ခဒေါက်တာအေးထွန်း | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (မကွေး)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်အား ယင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၆**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးချစ်ကိုကိုအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃/၂၀၁၆**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )

## မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Center) ၏ ရုံးအဖွဲ့ကို လွတ်လပ်သောအရပ်ဘက် အဖွဲ့အစည်းများအဖြစ် ရပ်တည်ဆောင်ရွက်ခွင့်ပြုခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ အမိန့်အမှတ်၊ ၃၈/၂၀၁၂ ဖြင့် ဖွဲ့စည်းခဲ့သည့် “မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန” တွင် ပါဝင်သော ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၃ ဦးအနက် ၁၂ ဦးသည် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ယင်းတို့၏ မူလတာဝန်ထမ်းဆောင်မှုသက်တမ်း ကုန်ဆုံးမည်ဖြစ်ပါသဖြင့် ယင်းပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနက ဖွဲ့စည်းခဲ့သည့်ရုံးအဖွဲ့ကို အောက်ပါ လုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်နိုင်စေရန်အလို့ငှာ လွတ်လပ်သောအရပ်ဘက်အဖွဲ့အစည်းများ **“မြန်မာငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဆွေးနွေးညှိနှိုင်းရေးစင်တာ (Myanmar Peacebuilding and Dialogue Center – MPDC) နှင့် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (Peace and Development Foundation – PDF)”** အဖြစ် ရပ်တည်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

(က) **မြန်မာငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဆွေးနွေးညှိနှိုင်းရေးစင်တာ**

(၁) ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးကိစ္စအတွက် စေ့စပ်ညှိနှိုင်းပေးခြင်း၊ ငြိမ်းချမ်းရေးဆွေးနွေးဘက်ဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် လိုအပ်သည့် နည်းပညာအထောက်အကူပြုလုပ်ငန်းစဉ်များကို ကူညီဆောင်ရွက်ပေးခြင်း။

(၂) မျိုးဆက်သစ်လူငယ်များအတွက် ငြိမ်းချမ်းရေးနှင့်ပတ်သက်သော စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်း။

(၃) လူသားချင်းစာနာမှုဆိုင်ရာ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(၄) အရပ်ဘက်၊ စစ်ဘက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(၅) ငြိမ်းချမ်းရေးနှင့်ပတ်သက်သော ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ခ) **ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း**

(၁) ငြိမ်းချမ်းရေးနှင့်ဆက်စပ်သော ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆောင်ရွက်ရန်။

(၂) အမျိုးသမီးနှင့် ကလေးသူငယ်များဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်။

၂။ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၏ ရုံးအဖွဲ့ကို အရပ်ဘက်အဖွဲ့အစည်းများအဖြစ် ဥပဒေနှင့်အညီ ပြောင်းလဲဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၏ ရုံးအဖွဲ့ကို ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လွတ်လပ်သောအရပ်ဘက်အဖွဲ့အစည်းများအဖြစ် "မြန်မာငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဆွေးနွေးညှိနှိုင်းရေးစင်တာ" နှင့် "ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း" များ အမည်အသစ်ဖြင့် ပြောင်းလဲဖွဲ့စည်းခြင်း။

(ခ) အပိုဒ်ခွဲ (က) အရ ဖွဲ့စည်းသော အဖွဲ့အစည်းများကို အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း။

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ပညာရှင်များ၊ ကျွမ်းကျင်သူများပါဝင်သော အရပ်ဘက်အဖွဲ့အစည်းကို ဥပဒေနှင့်အညီ တရားဝင်ဖွဲ့စည်းပြီးပါက မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ငှားရမ်းအသုံးပြုလျက်ရှိသော မြေနှင့်အဆောက်အအုံ [မြန်မာငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဆွေးနွေးညှိနှိုင်းရေးစင်တာအတွက် အမှတ် (၁၁) နှင့် (၁၃) ရွှေလီလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး] [ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းအတွက် အမှတ် (၈) နှင့် (၁၀) ရွှေလီလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး]၊ ရုံးသုံးပစ္စည်းများ၊ လုပ်ငန်းသုံးယာဉ်များ၊ ရန်ပုံငွေများနှင့် စာရင်းဇယားများကို လွှဲပြောင်းပေးခြင်း။

(ဃ) မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနက နိုင်ငံတကာအလှူရှင်များနှင့် ထားရှိခဲ့သော ကတိကဝတ်များကို အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ တည်ထောင်သော မြန်မာငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မည့် လွတ်လပ်သော အရပ်ဘက်အဖွဲ့အစည်းများက ဆက်လက်တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သလို ညှိနှိုင်းလွှဲပြောင်းဆောင်ရွက်ခြင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၆)၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေမှ အဆက် ]**

## ခုံသမာဓိကို ကန့်ကွက်ရန် အကြောင်းပြချက်များ

၁၄။ (က) ခုံသမာဓိအဖြစ်ခန့်ထားရန် ဆက်သွယ်ခံရသည့်ပုဂ္ဂိုလ်သည် မိမိ၏လွတ်လပ်မှု၊ ဘက်မလိုက်မှုတို့နှင့်စပ်လျဉ်း၍ ကျိုးကြောင်းဆီလျော်သည့် သံသယများဖြစ်ပေါ်စေနိုင်သော အခြေအနေများကို စာဖြင့်ရေးသား၍ ထုတ်ဖော်ပြောဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ သံသယများဖြစ်ပေါ်စေနိုင်သော အခြေအနေများကို အငြင်းပွားသူများအား အသိပေးအကြောင်းမကြားခဲ့လျှင် ခုံသမာဓိတစ်ဦးသည် ခန့်ထားခံရသည့်အချိန်မှစ၍ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်း ထိုကဲ့သို့သော အခြေအနေများရှိကြောင်း အငြင်းပွားသူများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထုတ်ဖော်ပြောဆိုရမည်။

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ခုံသမာဓိတစ်ဦးကို ကန့်ကွက်နိုင်သည် -

(၁) ခုံသမာဓိ၏လွတ်လပ်မှု သို့မဟုတ် ဘက်မလိုက်မှုတို့နှင့်စပ်လျဉ်း၍ ကျိုးကြောင်းဆီလျော်သည့် သံသယဖြစ်စေနိုင်သော အကြောင်းတစ်ရပ်ရပ်ရှိခြင်း၊

(၂) ခုံသမာဓိ၌ အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် အရည်အချင်းများမရှိခြင်း။

(ဃ) အငြင်းပွားသူတစ်ဦးသည် မိမိခန့်ထားသည့် ခုံသမာဓိ သို့မဟုတ် ခန့်ထားရာတွင် မိမိပါဝင်ဆောင်ရွက်ခဲ့သည့် ခုံသမာဓိကို ထိုသို့ခန့်ထားပြီးနောက်မှ သိရှိလာသော အကြောင်းပြချက်များအတွက်သာ ကန့်ကွက်နိုင်သည်။

## ကန့်ကွက်ရန်နည်းလမ်း

၁၅။ (က) အငြင်းပွားသူများသည် ခုံသမာဓိတစ်ဦးအား ကန့်ကွက်ရန်နည်းလမ်းကို လွတ်လပ်စွာ သဘောတူ သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် ခုံသမာဓိခန့်ထားခြင်းကို ကန့်ကွက်လိုသော အငြင်းပွားသူသည် ကန့်ကွက်မှုအတွက် အကြောင်းပြချက်များကို စာဖြင့်ရေးသား၍ အနုညာတခုံရုံးဖွဲ့စည်းသည်ကို သိရှိပြီး သို့မဟုတ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသော အခြေအနေများကို သိရှိပြီး ၁၅ ရက်အတွင်း အနုညာတခုံရုံးသို့ ပေးပို့၍ ကန့်ကွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကန့်ကွက်ခံရသော ခုံသမာဓိက ရာထူးမှနုတ်ထွက်ခြင်းမရှိလျှင် သို့မဟုတ် တစ်ဖက်အငြင်းပွားသူက ကန့်ကွက်ချက်ကို သဘောတူညီခြင်းမရှိလျှင် အနုညာတခုံရုံးသည် ကန့်ကွက်ချက်အပေါ် ဆုံးဖြတ်ရမည်။

(ဃ) အငြင်းပွားသူများက သဘောတူ သတ်မှတ်ထားသော နည်းလမ်းအရ ကန့်ကွက်ခြင်း မအောင်မြင်လျှင် သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ နည်းလမ်းအရ ကန့်ကွက်ခြင်းအပေါ် အနုညာတခုံရုံးက ပုဒ်မခွဲ (ဂ) အရ ကန့်ကွက်ရန် အကြောင်းမရှိကြောင်း ဆုံးဖြတ်လျှင် ကန့်ကွက်လိုသည့် အငြင်းပွားသူက ကန့်ကွက်ချက်ကို ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်ချက်အပေါ် ဆုံးဖြတ်ပေးရန် တရားရုံးသို့လျှောက်ထားနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ တရားရုံး၌ လျှောက်ထားမှုသည် မပြီးမပြတ်ရှိစေကာမူ အနုညာတခုံရုံးသည် စီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည့်အပြင် ဆုံးဖြတ်ချက်ချမှတ်ရမည်။

(စ) ပုဒ်မခွဲ (ဃ) အရ လျှောက်ထားရာတွင် တရားရုံးက အနုညာတခုံရုံး၏ ကန့်ကွက်ချက်ကို ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို ပယ်ဖျက်လျှင် ကန့်ကွက်ခံရသော ခုံသမာဓိအနေဖြင့် အခကြေးငွေတစ်စုံတစ်ရာ ရထိုက်ခွင့် ရှိ မရှိကို တရားရုံးက ဆုံးဖြတ်ပေးနိုင်သည်။

**ခုံသမာဓိ၏လုပ်ပိုင်ခွင့်ရပ်စဲခြင်းနှင့် အစားထိုးခန့်ထားခြင်း**

၁၆။ (က) အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ခုံသမာဓိတစ်ဦး၏ လုပ်ပိုင်ခွင့်သည် ရပ်စဲစေရမည် -

(၁) ခုံသမာဓိတစ်ဦးသည် လုပ်ငန်းတာဝန်များကို တရားဝင် သို့မဟုတ် အမှန်တကယ်ဆောင်ရွက်နိုင်စွမ်းမရှိခြင်း သို့မဟုတ် အခြားအကြောင်းပြချက်များကြောင့် ၎င်း၏လုပ်ငန်းတာဝန်များကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(၂) ခုံသမာဓိတစ်ဦးသည် ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် အငြင်းပွားသူများက ခုံသမာဓိ၏ လုပ်ပိုင်ခွင့်များကို ရပ်စဲရန်သဘောတူညီကြခြင်း။

(ခ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိပါက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ အကြောင်းပြချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဆက်လက်ဖြစ်ပွားနေလျှင် ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရပ်စဲရန်ကိစ္စအပေါ် ဆုံးဖြတ်ပေးရန် အငြင်းပွားသူတစ်ဦးက စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ လျှောက်ထားနိုင်သည်။ ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရပ်စဲရန် ကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့် ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခွင့်မရှိစေရ။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ ခုံသမာဓိတစ်ဦးသည် ရာထူးမှနုတ်ထွက်လျှင် သို့မဟုတ် ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရပ်စဲရန် အငြင်းပွားသူတစ်ဦးက သဘောတူလျှင် ထိုသို့ နုတ်ထွက်သည် သို့မဟုတ် ရပ်စဲသည်ဆိုသည့်အချက်ကြောင့် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) ၌ ရည်ညွှန်းသောအကြောင်းပြချက်များ တရားဝင်ကြောင်း လက်ခံရာရောက်သည်ဟု မမှတ်ယူရ။

၁၇။ (က) ပုဒ်မ ၁၅ နှင့် ၁၆ တို့တွင် ဖော်ပြထားသော အကြောင်းများအရဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ခုံသမာဓိက ရာထူးမှနုတ်ထွက်သောကြောင့်ဖြစ်စေ၊ အငြင်းပွားသူများ၏ သဘောတူညီချက်အရ ခုံသမာဓိ၏လုပ်ပိုင်ခွင့်ကို ရုပ်သိမ်းသောကြောင့်ဖြစ်စေ၊ ခုံသမာဓိ၏ လုပ်ပိုင်ခွင့် ရပ်စဲစေသည့် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ခုံသမာဓိ၏လုပ်ပိုင်ခွင့် ရပ်စဲသွားလျှင် ထိုခုံသမာဓိကို ခန့်အပ်စဉ်က နည်းလမ်းအတိုင်း ခုံသမာဓိအသစ်တစ်ဦးကို အစားထိုးခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခုံသမာဓိအသစ်တစ်ဦးကို အစားထိုးခန့်ထားသည့်အခါ အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် မိမိ၏ဆင်ခြင်ဆုံးဖြတ်ချက်အရ ယခင်စစ်ဆေးကြားနာမှုကို ပြန်လည်စစ်ဆေးကြားနာလိုက ပြန်လည်စစ်ဆေးကြားနာနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိပါက ဤပုဒ်မအရ ခုံသမာဓိအသစ်တစ်ဦး အစားထိုးခန့်ထားခြင်းမပြုမီကချမှတ်ခဲ့သော အနုညာတခုံရုံး၏ အမိန့်နှင့်ဆုံးဖြတ်ချက်သည် အနုညာတခုံရုံးကို ပြောင်းလဲဖွဲ့စည်းသည်ဆိုသည့် အကြောင်းကြောင့် တရားမဝင်မဖြစ်စေရ။

## အခန်း (၆)

## အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့်

**အနုညာတခုံရုံး၌ စီရင်ပိုင်ခွင့် ရှိ မရှိ အနုညာတခုံရုံးကဆုံးဖြတ်ပိုင်ခွင့်**

၁၈။ (က) အငြင်းပွားသူတို့က အခြားနည်း သဘောတူထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် အနုညာတသဘောတူညီချက်တစ်ရပ် တည်ရှိမှုနှင့် တရားဝင်မှုအပေါ် ကန့်ကွက်ချက်များ အပါအဝင် အနုညာတခုံရုံး၌ စီရင်ပိုင်ခွင့် ရှိ မရှိကို ဆုံးဖြတ်နိုင်သည်။ ထိုသို့ ဆုံးဖြတ်ရာတွင် -

(၁) ပဋိညာဉ်ပါ အနုညာတသဘောတူညီမှုစာပိုဒ်ကို အခြားစည်းကမ်းချက်များမှ သီးခြားလွတ်လပ်သော သဘောတူညီချက်တစ်ရပ်အဖြစ် ယူဆရမည်။

(၂) အနုညာတခုံရုံးက ပဋိညာဉ်သည် ပျက်ပြယ်ကြောင်းဆုံးဖြတ်လိုက်သည့်အတွက်ကြောင့် ထိုပဋိညာဉ်ပါ အနုညာတသဘောတူညီမှုစာပိုဒ်သည် ပျက်ပြယ်ခြင်းမရှိစေရ။

(ခ) အငြင်းပွားသူတစ်ဦးသည် အနုညာတခုံရုံး၌စီရင်ပိုင်ခွင့်မရှိကြောင်း လျှောက်ထားမှုကို ချေပလွှာတင်သွင်းသည့်နေ့ထက် နောက်မကျစေဘဲ တင်ပြရမည်။ သို့ရာတွင် ထိုအငြင်းပွားသူက ခုံသမာဓိကို ခန့်ထားခဲ့သည် သို့မဟုတ် ခုံသမာဓိခန့်ထားရာတွင် သဘောတူခဲ့သည်ဟူသည့် အကြောင်းကြောင့် ထိုသူ၏လျှောက်ထားမှုကို ငြင်းပယ်ခြင်း မပြုရ။

(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်းဆောင်ရွက်နေစဉ်အတွင်း အနုညာတခုံရုံးသည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်လုပ်ကိုင်ကြောင်းစွပ်စွဲသည့်အကြောင်းအရာများပေါ်ပေါက်လျှင် အငြင်းပွားသူတစ်ဦးဦးက ချက်ချင်းလျှောက်ထားရမည်။

(ဃ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားမှုများတွင် နောက်ကျမှ တင်သွင်းသော လျှောက်ထားချက်ကို လျော်ကန်သင့်မြတ်သောအကြောင်းများရှိပါက လက်ခံဆောင်ရွက်နိုင်သည်။

(င) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားချက်များအပေါ် ပဏာမငြင်းချက်ကဲ့သို့ဖြစ်စေ၊ အနုညာတဆုံးဖြတ်ချက်တစ်ရပ်ကဲ့သို့ဖြစ်စေ ဆုံးဖြတ်နိုင်သည်။ အကယ်၍ အနုညာတခုံရုံးက စီရင်ပိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်သည်ဖြစ်စေ၊ မရှိကြောင်း ဆုံးဖြတ်သည်ဖြစ်စေ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသော အငြင်းပွားသူသည် အဆိုပါ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) တို့အရ တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

(စ) တရားရုံးသို့ လျှောက်ထားချက်မှာ မပြီးမပြတ်ရှိစေကာမူ အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည့်အပြင် အနုညာတဆုံးဖြတ်ချက်ကိုလည်း ချမှတ်ရမည်။

**ကြားဖြတ်အမိန့်များချမှတ်ရန် အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့်**

၁၉။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးဦးနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်၊ အမိန့်နှင့်ညွှန်ကြားချက်များ ချမှတ်ခွင့်ရှိသည် -

(၁) ကုန်ကျစရိတ်အတွက် အာမခံငွေ တောင်းခံခြင်း၊

(၂) စာရွက်စာတမ်းများကို ထုတ်ဖော်ပြသစေခြင်း သို့မဟုတ် စစ်ဆေးမေးမြန်းခြင်း၊

(၃) သက်သေခံချက်ကို ကျမ်းကျိန်လွှာဖြင့် တင်ပြစေခြင်း၊

(၄) အငြင်းပွားသည့်ပစ္စည်းတစ်ခုခုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယာယီထိန်းသိမ်းခြင်း သို့မဟုတ် ရောင်းချခြင်း၊

(၅) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ နမူနာရယူခြင်း၊ ကြည့်ရှုလေ့လာခြင်း သို့မဟုတ် လက်တွေ့စမ်းသပ်မှုပြုလုပ်ခြင်း၊

(၆) သက်သေခံတစ်ရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယာယီထိန်းသိမ်းထားခြင်း၊

(၇) အငြင်းပွားသည့် ငွေပမာဏအတွက် အာမခံငွေတောင်းခံခြင်း၊

(၈) ယာယီတားဝရမ်းထုတ်ဆင့်ခြင်း သို့မဟုတ် အခြားကြားဖြတ်ဆောင်ရွက်မှုများပြုခြင်း။

(ခ) အနုညာတခုံရုံးသည် အငြင်းပွားသူများနှင့် သက်သေများအား ကျမ်းသစ္စာကျိန်ဆိုစေနိုင်သည်။

(ဂ) အနုညာတခုံရုံးက သင့်သည်ဟု ထင်မြင်သည့်အတိုင်း သက်သေစစ်မေးခြင်းအစီအစဉ်ကို သတ်မှတ်နိုင်သည်။

(ဃ) အနုညာတခုံရုံးသည် အောက်ဖော်ပြပါအကြောင်းဖြင့် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) တွင် ရည်ညွှန်းသော ကုန်ကျစရိတ်အတွက် အာမခံငွေကို လျှောက်ထားသူက ပေးစေရန် အမိန့် ချမှတ်ခြင်းမပြုရ -

(၁) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြင်ပတွင် နေထိုင်သူဖြစ်ခြင်း၊

(၂) လျှောက်ထားသူသည် အခြားနိုင်ငံတစ်နိုင်ငံ၏ ဥပဒေအရ ဖွဲ့စည်းသော ကော်ပိုရေးရှင်း သို့မဟုတ် အဖွဲ့အစည်းဖြစ်ခြင်း။

(င) အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်းချမှတ်သော အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်၊ အမိန့်နှင့် ညွှန်ကြားချက်များကို ပုဒ်မ ၃၁ အရ တရားရုံးက အတည်ပြု ဆောင်ရွက်ပေးရန် လျှောက်ထားနိုင်သည်။

**ခုံသမာဓိ၏ကင်းလွတ်ခွင့်များ**

၂၀။ ခုံသမာဓိတစ်ဦးသည် ခုံသမာဓိအဖြစ် တာဝန်ဝတ္တရားများကိုဆောင်ရွက်စဉ် ၎င်း၏ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုသည် ထိုက်သင့်သောသတိပြုခြင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက ထိုသို့ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုအပေါ် တာဝန်မရှိစေရ။

## အခန်း (၇)

## အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်ခြင်း

**အငြင်းပွားသူများအား ညီတူညီမျှဆက်ဆံခြင်း**

၂၁။ အနုညာတခုံရုံးသည် အငြင်းပွားသူများကို ညီတူညီမျှဆက်ဆံရမည့်အပြင် အမှုနှင့်စပ်လျဉ်း၍ တင်ပြရန် အခွင့်အရေး အပြည့်အဝပေးရမည်။

**ဆောင်ရွက်ရန်လုပ်ထုံးလုပ်နည်းများကိုဆုံးဖြတ်ခြင်း**

၂၂။ (က) အငြင်းပွားသူများသည် အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတ ခုံရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ သင့်သည် ထင်မြင်သည့် နည်းလမ်းအတိုင်း အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်နိုင်သည်။

(ဂ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်ရာတွင် သက်သေခံချက်တစ်ရပ်၏ သက်သေခံဝင်မှု၊ စပ်ဆိုင်မှု၊ အရေးပါမှုနှင့် အလေးသာမှုတို့ကို ဆုံးဖြတ်နိုင်သည်။

**အနုညာတစီရင်ဆုံးဖြတ်ရာနေရာ**

၂၃။ (က) အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်ရာနေရာကို လွတ်လပ်စွာသဘောတူသတ်မှတ် နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတ ခုံရုံးသည် အငြင်းပွားသူတို့အတွက် အဆင်ပြေမှုအပါအဝင် အမှု၏အခြေအနေအရပ်ရပ်ကို အလေးဂရုပြုလျက် အနုညာတစီရင်ဆုံးဖြတ်ရာနေရာကို သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် အနုညာတစီရင်ဆုံးဖြတ်ရန်နေရာကို သတ်မှတ်ထားစေကာမူ အနုညာတခုံရုံးသည် ခုံသမာဓိများအချင်းချင်း ဆွေးနွေးညှိနှိုင်းနိုင်ရန်၊ သက်သေများ၊ ကျွမ်းကျင်သူများနှင့် အငြင်းပွားသူများကို စစ်ဆေးကြားနာနိုင်ရန် သို့မဟုတ် စာရွက်စာတမ်းများ၊ ကုန်ပစ္စည်းများ သို့မဟုတ် အခြားပစ္စည်းများကို စစ်ဆေးနိုင်ရန် အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် သင့်လျော်ရာဒေသတစ်ခုခုတွင် တွေ့ဆုံဆောင်ရွက်နိုင်သည်။

**အနုညာတစီရင်ဆုံးဖြတ်ခြင်းစတင်ဆောင်ရွက်ခြင်း**

၂၄။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းသည် တောင်းဆိုခြင်းခံရသူက ထိုအငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်ရန်အတွက် လွှဲအပ်ရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ စတင်သည်။

**ဘာသာစကား**

၂၅။ (က) အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဆောင်ရွက်ရာတွင် အသုံးပြုမည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများကို လွတ်လပ်စွာသဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း အငြင်းပွားသူများက သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းဆောင်ရွက်ရာတွင် အသုံးပြုရမည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများကို အနုညာတခုံရုံးက သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ သဘောတူညီချက် သို့မဟုတ် ပုဒ်မခွဲ (ခ) အရ သတ်မှတ်ချက်တွင် အခြားနည်း သီးခြားဖော်ပြထားခြင်းမရှိပါက ထိုသဘောတူညီချက်နှင့် သတ်မှတ်ချက်သည် အငြင်းပွားသူတစ်ဦးဦး၏ စာဖြင့်ရေးသားဖော်ပြချက်၊ အနုညာတခုံရုံး၏ စစ်ဆေးကြားနာချက်၊ အနုညာတဆုံးဖြတ်ချက် သို့မဟုတ် စာဖြင့် အခြားဆက်သွယ်ဆောင်ရွက်ချက်တို့နှင့်လည်း သက်ဆိုင်စေရမည်။

(ဃ) အနုညာတခုံရုံးသည် စာတမ်းအမှတ်အသားသက်သေခံချက်တစ်ရပ်အား အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် သို့မဟုတ် အနုညာတခုံရုံးက သတ်မှတ်ပေးထားသည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများဖြင့် ဘာသာပြန်ဆိုချက်ကို မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုး၍ ပူးတွဲတင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

**တောင်းဆိုလွှာနှင့် ချေပလွှာတွင် ဖော်ပြပါရှိရမည့်အချက်များ**

၂၆။ (က) အငြင်းပွားသူများသည် တောင်းဆိုလွှာနှင့် ချေပလွှာတို့တွင် ဖော်ပြရန် လိုအပ်သည့်အချက်များကို သဘောတူသတ်မှတ်နိုင်သည်။ ထိုသို့ သဘောတူသတ်မှတ်ထားခြင်းမရှိပါက တောင်းဆိုသူသည် အငြင်းပွားသည့်အချက်၊ တောင်းဆိုမှုကို ထောက်ခံသည့်အချက်နှင့် တောင်းဆိုသော သက်သာခွင့် သို့မဟုတ် ကုစားခွင့်တို့ကို တောင်းဆိုလွှာတွင် ဖော်ပြရမည့်အပြင် တောင်းဆိုခြင်းခံရသူကလည်း အဆိုပါအချက်များနှင့်စပ်လျဉ်း၍ ခုခံချေပချက်တို့ကို ချေပလွှာတွင်ဖော်ပြရမည်။ အဆိုပါ တောင်းဆိုလွှာနှင့် ချေပလွှာကို အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့်ကာလအတွင်း သို့မဟုတ် အနုညာတခုံရုံးကသတ်မှတ်ပေးသည့် ကာလအတွင်း အနုညာတခုံရုံးသို့ တင်သွင်းရမည်။

(ခ) အငြင်းပွားသူများသည် ၎င်းတို့၏တောင်းဆိုလွှာ သို့မဟုတ် ချေပလွှာတို့နှင့်အတူ စပ်ဆိုင်သည်ဟု ယူဆသော စာတမ်းအမှတ်အသားများနှင့် အခြားသက်သေခံချက်များအားလုံးကို တင်သွင်းနိုင်သည် သို့မဟုတ် ၎င်းတို့က တင်သွင်းမည့် စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံချက်များအတွက် ရည်ညွှန်းဖော်ပြချက်ကို ပူးတွဲတင်သွင်းနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိသည့်အပြင် အနုညာတခုံရုံးကလည်း အငြင်းပွားသူတို့၏ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် နှောင့်နှေးကြန့်ကြာမှုကို စဉ်းစားဆင်ခြင်ပြီး ပြင်ဆင်ချက် သို့မဟုတ် ဖြည့်စွက်ချက်ကို ခွင့်ပြုရန်မသင့်ဟု ယူဆခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးဦးသည် ၎င်း၏တောင်းဆိုလွှာ သို့မဟုတ် ချေပလွှာကို အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်း ပြင်ဆင်နိုင်သည် သို့မဟုတ် ဖြည့်စွက်နိုင်သည်။

## ကြားနာခြင်းနှင့် စီရင်ဆုံးဖြတ်ဆောင်ရွက်ခြင်း

၂၇။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် နှုတ်ဖြင့်သက်သေခံချက်တင်ပြခြင်းနှင့် နှုတ်ဖြင့်လျှောက်လဲတင်ပြခြင်း၊ ကြားနာခြင်းဖြင့်လည်းကောင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို စာတမ်းအမှတ်အသားများနှင့် အခြားသက်သေခံချက်များအပေါ် အခြေပြု၍ ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဆုံးဖြတ်ရမည်။ သို့ရာတွင် အငြင်းပွားသူများက နှုတ်ဖြင့် စစ်ဆေးကြားနာမှုမပြုလုပ်ရန် သဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးက တောင်းဆိုပါက အနုညာတစီရင်ဆုံးဖြတ်ခြင်း၏ သင့်လျော်သည့်အဆင့်တွင် နှုတ်ဖြင့်စစ်ဆေးကြားနာမှုကိုဆောင်ရွက်နိုင်သည်။

(ခ) အနုညာတခုံရုံးသည် စစ်ဆေးကြားနာမည့်ကိစ္စနှင့် စာတမ်းအမှတ်အသားများ၊ ကုန်ပစ္စည်းများ သို့မဟုတ် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရန်အတွက် အနုညာတခုံရုံးက တွေ့ဆုံဆောင်ရွက်မည့်ကိစ္စတို့ကို အငြင်းပွားသူများအား လုံလောက်သောအချိန်ပေး၍ ကြိုတင်အကြောင်းကြားရမည်။

(ဂ) အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးက တင်သွင်းသော စာဖြင့်ရေးသားတင်ပြချက်များ၊ စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသတင်းအချက်အလက်များ သို့မဟုတ် လျှောက်ထားချက်များအားလုံးကို တစ်ဖက်အငြင်းပွားသူထံ ပေးပို့အကြောင်းကြားရမည်။ ထို့ပြင် အနုညာတခုံရုံးက ဆုံးဖြတ်ချက်ချမှတ်ရာတွင် အားကိုးအားထားပြုသောကျွမ်းကျင်သူ၏ ထင်မြင်ချက် သို့မဟုတ် သက်သေခံစာတမ်းအမှတ်အသား မိတ္တူများကို အငြင်းပွားသူများထံ ပေးပို့အကြောင်းကြားရမည်။

## အငြင်းပွားသူတစ်ဦး၏ပျက်ကွက်ခြင်း

၂၈။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိသည့်အပြင် လုံလောက်သောအကြောင်းပြသနိုင်ခြင်းမရှိပါက -

(က) တောင်းဆိုသူက ၎င်း၏တောင်းဆိုလွှာကို ပုဒ်မ ၂၆ ပုဒ်မခွဲ (က) နှင့်အညီ ပေးပို့ရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဆောင်ရွက်မှုကို ရပ်စဲရမည်။

(ခ) တောင်းဆိုခံရသူက ၎င်း၏ခုခံချေပလွှာကို ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့်အညီ ပေးပို့ရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ထိုပျက်ကွက်မှုသည် တောင်းဆိုသူ၏ စွပ်စွဲချက်ကို ဝန်ခံရာရောက်သည်ဟု မှတ်ယူခြင်းမပြုရ။

(ဂ) အငြင်းပွားသူတစ်ဦးဦးသည် နှုတ်ဖြင့်စစ်ဆေးရာသို့ရောက်ရှိရန် ပျက်ကွက်လျှင် သို့မဟုတ် စာတမ်းအမှတ်အသားသက်သေခံချက်ကို တင်သွင်းရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။ အနုညာတခုံရုံးရှေ့မှောက်ရှိ သက်သေခံချက်များအရ အနုညာတဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။

**အနုညာတခုံရုံးကကျွမ်းကျင်သူခန့်ထားခြင်း**

၂၉။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် -

(က) ဆုံးဖြတ်ရန်ရှိသည့် သီးခြားအငြင်းပွားအကြောင်းအရာနှင့်စပ်လျဉ်း၍ အနုညာတခုံရုံးသို့ အစီရင်ခံတင်ပြစေရန် ကျွမ်းကျင်သူတစ်ဦး သို့မဟုတ် ကျွမ်းကျင်သူများကို ခန့်ထားနိုင်သည်။

(ခ) စပ်ဆိုင်သောသတင်းအချက်အလက်ကို ကျွမ်းကျင်သူအား ပေးစေရန် သို့မဟုတ် စပ်ဆိုင်သောစာတမ်းအမှတ်အသား၊ ကုန်ပစ္စည်း သို့မဟုတ် အခြားပစ္စည်းကို ကျွမ်းကျင်သူက စစ်ဆေးနိုင်ရန်အတွက် ထုတ်ဖော်ပြသစေရန် သို့မဟုတ် ကြည့်ရှုခွင့်ပြုစေရန် အငြင်းပွားသူတစ်ဦးဦးထံမှ တောင်းဆိုနိုင်သည်။

(ဂ) ကျွမ်းကျင်သူ၏ နှုတ်ဖြင့် သို့မဟုတ် စာဖြင့် အစီရင်ခံတင်ပြပြီးနောက် အငြင်းပွားသူတစ်ဦးက တောင်းဆိုပါက သို့မဟုတ် အနုညာတခုံရုံးက လိုအပ်သည်ဟု ထင်မြင်ယူဆပါက နှုတ်ဖြင့်စစ်ဆေးကြားနာမှုတွင် ကျွမ်းကျင်သူကို ခေါ်ယူစစ်ဆေးကြားနာနိုင်သည်။ ထိုသို့စစ်ဆေးကြားနာရာတွင် အငြင်းပွားသည့်အချက်များအပေါ် သက်သေခံရန်အတွက် အငြင်းပွားသူများသည် ကျွမ်းကျင်သူကို မေးခွန်းများ မေးမြန်းခွင့်ရှိစေရမည့်အပြင် အငြင်းပွားသည့်အချက်များနှင့် စပ်လျဉ်း၍ သက်သေတင်ပြခွင့်ရှိစေရမည်။

**သက်သေခံချက်ရယူရာတွင် တရားရုံး၏ အကူအညီတောင်းခံခြင်း**

၃၀။ (က) အနုညာတခုံရုံးကဖြစ်စေ၊ အနုညာတခုံရုံး၏ သဘောတူညီချက်ဖြင့် အငြင်းပွားသူတစ်ဦးဦးကဖြစ်စေ တရားရုံးက သက်သေခံချက် ရယူပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) လျှောက်လွှာတွင် အောက်ပါအချက်များကို အတိအကျဖော်ပြရမည် -

(၁) အငြင်းပွားသူများနှင့် ခုံသမာဓိများ၏ အမည်များ၊ နေရပ်လိပ်စာများ၊

(၂) တောင်းဆိုချက်နှင့် တောင်းဆိုသော သက်သာခွင့်၏ ယေဘုယျသဘောသဘာဝ၊

(၃) သက်သေအဖြစ် သို့မဟုတ် ကျွမ်းကျင်သူသက်သေအဖြစ် ကြားနာရမည့်သူ၏ အမည်၊ နေရပ်လိပ်စာနှင့် ရယူလိုသောသက်သေခံချက်၏ အဓိက အကြောင်းခြင်းရာဖော်ပြချက်၊

(၄) ထုတ်ဖော်ပြသရမည့် စာတမ်းအမှတ်အသား သို့မဟုတ် စစ်ဆေးရမည့်ပစ္စည်း၏ သရုပ်ဖော်ပြချက်နှင့် အမျိုးအစား။

(ဂ) တရားရုံးသည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာအရ သက်သေခံချက်ရယူသည့် နည်းလမ်းနှင့်အညီ သက်သေခံချက်ကို ရယူပြီးနောက် ယင်းသက်သေခံချက်ကို အနုညာတခုံရုံးသို့ တိုက်ရိုက်ပေးပို့ကာ လျှောက်ထားချက်ကို အတည်ပြုဆောင်ရွက်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို အတည်ပြုဆောင်ရွက်နိုင်ကြောင်း တရားရုံးက အမိန့်ချမှတ်သည့်အခါ သက်သေများထံ အမိန့်ဆင့်စာ ထုတ်ဆင့်ခြင်းကို တရားရုံး၌ စစ်ဆေးသည့် တရားမမှုများတွင် အမိန့်ဆင့်စာထုတ်ဆင့်သည့် နည်းလမ်းအတိုင်းဆောင်ရွက်နိုင်သည်။

**အနုညာတခုံရုံး၏ ကြားဖြတ်ဆုံးဖြတ်ချက်များကို တရားရုံးကအတည်ပြုဆောင်ရွက်ခြင်း**

၃၁။ (က) အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်း၌ဖြစ်စေ သို့မဟုတ် နိုင်ငံတော်ပြင်ပ၌ဖြစ်စေ အနုညာတခုံရုံးကချမှတ်သည့် ကြားဖြတ်ဆုံးဖြတ်ချက်များကို တရားရုံး၏ အမိန့်နှင့် ဆုံးဖြတ်ချက်ကဲ့သို့ တရားရုံးက အတည်ပြုဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတော်ပြင်ပ၌ပြုလုပ်သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ချမှတ်သည့် ကြားဖြတ်ဆုံးဖြတ်ချက်ကို အတည်ပြုရန် လျှောက်ထားသူသည် အဆိုပါဆုံးဖြတ်ချက်မှာ

နိုင်ငံတော်အတွင်း၌ပြုလုပ်သည့် ဆုံးဖြတ်ချက် အမျိုးအစားအတိုင်းဖြစ်ကြောင်း သက်သေထင်ရှားမပြနိုင်ပါက တရားရုံးသည် အဆိုပါဆုံးဖြတ်ချက်ကို အတည်ပြုရန် ခွင့်ပြုခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက်ရရှိပါက တရားရုံးသည် အဆိုပါဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ (က) အရ တရားရုံးကအတည်ပြုဆောင်ရွက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းအတွက် တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခွင့်မရှိစေရ။

**ရှင်းလင်းချက်။** ဤပုဒ်မတွင် ရည်ညွှန်းသည့် ကြားဖြတ်ဆုံးဖြတ်ချက်ဆိုရာတွင် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်၊ အမိန့်နှင့် ညွှန်ကြားချက်လည်းပါဝင်သည်။

## အခန်း (၈)
## အနုညာတဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းပြီးဆုံးခြင်း

### အငြင်းပွားပြဿနာအတွက်လိုက်နာရမည့်ဥပဒေ

၃၂။ (က) အနုညာတစီရင်ဆုံးဖြတ်ခြင်းဆောင်ရွက်ရာနေရာသည် နိုင်ငံတော်အတွင်း၌ ဖြစ်သည့်အခါ-

(၁) ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ရန်တင်သွင်းသောအငြင်းပွားမှုကို နိုင်ငံတော်၏သက်ဆိုင်ရာ တည်ဆဲပြဋ္ဌာန်းဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

(၂) နိုင်ငံတကာ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် -

(ကက) အနုညာတခုံရုံးသည် အငြင်းပွားမှုကို ဆုံးဖြတ်ရာတွင် အငြင်းပွားသူများက သဘောတူရွေးချယ်သတ်မှတ်ထားသည့် ဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

(ခခ) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် ရွေးချယ်သတ်မှတ်ထားသော နိုင်ငံတစ်နိုင်ငံ၏ ဥပဒေ သို့မဟုတ် ဥပဒေစနစ်သည် ထိုနိုင်ငံ၏ သက်ဆိုင်ရာပြဋ္ဌာန်းဥပဒေကို တိုက်ရိုက်ရည်ညွှန်းခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ထိုနိုင်ငံ၏ ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်မှုဆိုင်ရာနည်းဥပဒေများကို ရည်ညွှန်းခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။

(ဂဂ) အငြင်းပွားသူများက ပုဒ်မခွဲငယ်စိတ် (ကက) အရ ဥပဒေကို ရွေးချယ်သတ်မှတ်ထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် မိမိခုံရုံးက လိုက်နာသင့်သည်ဟု ယူဆသော ဥပဒေကို လက်ခံကျင့်သုံးနိုင်သည်။

(ခ) အငြင်းပွားသူများက အနုညာတခုံရုံးအား အတိအလင်း အခွင့်အာဏာပေးအပ်ခြင်းခံရပါက အနုညာတခုံရုံးသည် တရားမျှတမှု၊ သာတူညီမျှမှု၊ စိတ်ရင်းကောင်းထားမှုတို့ဖြင့် အငြင်းပွားမှုကို ဆုံးဖြတ်ပေးရမည်။

(ဂ) အနုညာတခုံရုံးသည် အငြင်းပွားမှုအားလုံးကို ပဋိညာဉ်ပါ စည်းကမ်းချက်များနှင့်အညီ ဆုံးဖြတ်ပေးရမည်။ ထိုသို့ဆုံးဖြတ်ရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စများ၌ လိုက်နာရသော ကုန်သွယ်မှုဓလေ့ထုံးစံများကို ထည့်သွင်းစဉ်းစားရမည်။

### အနုညာတခုံရုံးကဆုံးဖြတ်ချက်ချမှတ်ခြင်း

၃၃။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် ခုံသမာဓိတစ်ဦးထက်ပို၍ ပါဝင်သော အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် အနုညာတခုံရုံးသည် ခုံသမာဓိအဖွဲ့ဝင်အများစု ဆန္ဒအရ ဆုံးဖြတ်ချက်ကို ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင် ဖော်ပြပါရှိစေကာမူ၊ အငြင်းပွားသူများက သို့မဟုတ် အနုညာတခုံရုံး၏ ခုံသမာဓိအဖွဲ့ဝင်အားလုံးက အခွင့်အာဏာအပ်နှင်းလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်း လုပ်ထုံးလုပ်နည်းကို ခုံသမာဓိနာယကက အဆုံးအဖြတ်ပေးနိုင်သည်။

**သဘောတူပြေငြိမ်းခြင်း**

၃၄။ (က) အနုညာတစီရင်ဆုံးဖြတ်ခြင်းဆောင်ရွက်နေစဉ်အတွင်း အငြင်းပွားသူများက အငြင်းပွားမှုကို သဘောတူပြေငြိမ်းကြလျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ပြီးဆုံးစေရမည်။ ထို့အပြင် အငြင်းပွားသူများက တောင်းဆိုလျှင် သို့မဟုတ် အနုညာတခုံရုံးက ကန့်ကွက်ခြင်း မပြုလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များ အတိုင်း သဘောတူပြေငြိမ်းခြင်းကို အနုညာတဆုံးဖြတ်ချက်ပုံစံဖြင့် ရေးသားမှတ်တမ်းတင်ရမည်။

(ခ) အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအတိုင်း ပြုလုပ်သည့် အနုညာတဆုံးဖြတ်ချက်ကို ပုဒ်မ ၃၅ နှင့်အညီ ပြုလုပ်ရမည်။ ယင်းကို အနုညာတဆုံးဖြတ်ချက်ဟု ဖော်ပြရမည်။

(ဂ) အငြင်းပွားသူများက သဘောတူညီသည့် စည်းကမ်းချက်များအရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက်သည် အဓိကအငြင်းပွားအကြောင်းခြင်းရာအပေါ် ဆုံးဖြတ်သော အခြားအနုညာတဆုံးဖြတ်ချက်ကဲ့သို့ တူညီသောအဆင့်အတန်းနှင့် တူညီသောအကျိုးသက်ရောက်မှု ရှိစေရမည်။

**အနုညာတဆုံးဖြတ်ချက်ပုံစံနှင့် ပါဝင်ရမည့်အချက်များ**

၃၅။ (က) အနုညာတဆုံးဖြတ်ချက်ကို စာဖြင့် ရေးသားရမည့်အပြင် ခုံသမာဓိ သို့မဟုတ် ခုံသမာဓိများက လက်မှတ်ရေးထိုးရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ရည်ရွယ်ချက်အလို့ငှာ ခုံသမာဓိတစ်ဦးထက်ပို၍ပါဝင်သော အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ခုံသမာဓိများထဲမှ အများစုက လက်မှတ်ရေးထိုးပါက ပြည့်စုံသည်ဟု မှတ်ယူရမည်။ သို့ရာတွင် ခုံသမာဓိတစ်ဦးဦးက လက်မှတ်မရေးထိုးဘဲ ကျန်ရှိနေခြင်းနှင့်စပ်လျဉ်း၍ အကြောင်းပြချက် ရေးသားဖော်ပြရမည်။

(ဂ) အငြင်းပွားသူများက ဆုံးဖြတ်ချက်တွင် အကြောင်းပြချက်များ ဖော်ပြရန်မလိုဟု သဘောတူညီထားခြင်းမရှိလျှင် သို့မဟုတ် ဆုံးဖြတ်ချက်သည် အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက်မဟုတ်လျှင် အနုညာတဆုံးဖြတ်ချက်တွင် ကျိုးကြောင်းဖော်ပြချက်များပါရှိရမည်။

(ဃ) အနုညာတဆုံးဖြတ်ချက်တွင် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့စွဲနှင့် ပုဒ်မ ၂၃ နှင့်အညီ သတ်မှတ်ထားသည့် အနုညာတစီရင်ဆုံးဖြတ်ရာနေရာကို ဖော်ပြရမည်။ အနုညာတဆုံးဖြတ်ချက်ကို ထိုနေရာတွင် ဆုံးဖြတ်သည်ဟု မှတ်ယူရမည်။

(င) အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ပြီးနောက် လက်မှတ်ရေးထိုးထားသော ဆုံးဖြတ်ချက်မိတ္တူမှန်တစ်စောင်စီကို အငြင်းပွားသူအသီးသီးထံ ပေးပို့ရမည်။

(စ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် -

(၁) အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် ကုန်ကျစရိတ်ကို အနုညာတခုံရုံးက သတ်မှတ်ပေးရမည်။

(၂) အနုညာတခုံရုံးသည် ကုန်ကျစရိတ်ကို ရထိုက်ခွင့်ရှိသည့် အငြင်းပွားသူနှင့် ကုန်ကျစရိတ်ကို ပေးဆောင်ရမည့် အငြင်းပွားသူတို့၏ ကုန်ကျစရိတ်ပမာဏ၊ တွက်ချက်သည့်နည်းလမ်းနှင့် ပေးဆောင်ရမည့်နည်းလမ်း စသည်တို့ကို သတ်မှတ်ပေးရမည်။

**ရှင်းလင်းချက်။** ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသော ကုန်ကျစရိတ် ဆိုသည်တွင် အောက်ပါကိစ္စများနှင့် ပတ်သက်၍ သင့်လျော်သည့် ကုန်ကျစရိတ်ငွေကို ဆိုလိုသည် -

(၁) ခုံသမာဓိနှင့် သက်သေများအတွက် အခကြေးငွေများနှင့် စရိတ်၊

(၂) ရှေ့နေအတွက် အခကြေးငွေများနှင့် စရိတ်၊

(၃) အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ကြီးကြပ်ဆောင်ရွက်သော အဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုအတွက် အခကြေးငွေများ၊

(၄) အနုညာတစီရင်ဆုံးဖြတ်ခြင်း၊ အနုညာတဆုံးဖြတ်ချက်တို့နှင့် ဆက်စပ်ကုန်ကျသည့် အခြားစရိတ်ငွေများ။

## အနုညာတစီရင်ဆုံးဖြတ်ခြင်းပြီးဆုံးခြင်း

၃၆။ (က) အနုညာတခုံရုံးက အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်လျှင်ဖြစ်စေ၊ ပုဒ်မခွဲ (ခ) အရ အမိန့်ချမှတ်လျှင်ဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်း ပြီးဆုံးသည်။

(ခ) အနုညာတခုံရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းပြီးဆုံးကြောင်း အမိန့်တစ်ရပ်ချမှတ်ရမည် -

(၁) တောင်းဆိုသူက ၎င်း၏တောင်းဆိုချက်ကို ရုပ်သိမ်းရာတွင် တောင်းဆိုခံရသူက ထိုသို့ရုပ်သိမ်းခြင်းကို ကန့်ကွက်ခွင့်မရှိသည့်အပြင် အငြင်းပွားမှုကို နောက်ဆုံးပြေငြိမ်းပြီးပြတ်ရာတွင် တောင်းဆိုခံရသူ၏ ဥပဒေအရ ရရှိနိုင်သော အကျိုးခံစားခွင့်ကို အနုညာတခုံရုံးက အသိအမှတ်ပြုထားမှုမရှိခြင်း၊

(၂) အငြင်းပွားသူများက အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ပြီးဆုံးရန် သဘောတူညီကြခြင်း၊

(၃) အခြားအကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်ရန်မလိုအပ်ကြောင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း အနုညာတခုံရုံးက တွေ့ရှိခြင်း။

(ဂ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) နှင့် ဤပုဒ်မတို့အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းပြီးဆုံးလျှင် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်ကို အထောက်အထားပြု၍ အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့် ပြီးဆုံးသည်။

## အနုညာတဆုံးဖြတ်ချက်ကို အမှားပြင်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်ချခြင်း

၃၇။ (က) အငြင်းပွားသူများက အချိန်ကာလကို သဘောတူသတ်မှတ်ထားခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးသည် အနုညာတဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တစ်ဖက် အငြင်းပွားသူတစ်ဦးအား အကြောင်းကြားစာပေးပို့၍ တွက်ချက်မှု၊ စာအရေးအသား သို့မဟုတ် စာပုံနှိပ်မှုစသည့် အမှားအယွင်းတစ်ခုခု သို့မဟုတ် အလားတူ သဘောသဘာဝရှိသော အမှားအယွင်းတစ်ခုခုကို ပြင်ဆင်ပေးရန် အနုညာတခုံရုံးထံ လျှောက်ထားတောင်းဆိုနိုင်သည်။

(ခ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (က) ပါ လျှောက်ထားတောင်းဆိုချက်အရဖြစ်စေ၊ မိမိ၏ စိစစ်တွေ့ရှိချက်အရဖြစ်စေ ပုဒ်မခွဲ (က) ပါ အမှားအယွင်းတစ်ခုခုကိုတွေ့ရှိပါက အဆိုပါ အနုညာတဆုံးဖြတ်ချက်ကို ပြင်ဆင်ပေးနိုင်သည်။ အဆိုပါပြင်ဆင်ချက်ကို အငြင်းပွားသူများထံ ပေးပို့ရမည်။

(ဂ) အငြင်းပွားသူများက သဘောတူညီကြလျှင် အနုညာတဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တစ်ဖက်အငြင်းပွားသူတစ်ဦးအား အကြောင်းကြားစာပေးပို့၍ အနုညာတဆုံးဖြတ်ချက်ပါ အရေးပါသည့်အချက်တစ်ရပ် သို့မဟုတ် အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်းတစ်ရပ်အတွက် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် အနုညာတခုံရုံးသို့ လျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လျှောက်ထားမှုမှာ လျော်ကန်သင့်မြတ်သည်ဟု အနုညာတခုံရုံးက ယူဆလျှင် လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အနုညာတခုံရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရမည်။ ထိုအနက်အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်း ဖြစ်စေရမည်။

(င) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးသည် အနုညာတဆုံးဖြတ်ချက်ကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တစ်ဖက်အငြင်းပွားသူတစ်ဦးထံ အကြောင်းကြားစာပေးပို့၍ အနုညာတစီရင်ဆုံးဖြတ်ရန် တင်ပြတောင်းဆိုချက်ကို အနုညာတဆုံးဖြတ်ချက်၌ ချန်လှပ်ခဲ့သဖြင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်ချမှတ်ပေးရန် အနုညာတခုံရုံးသို့ လျှောက်ထားနိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ လျှောက်ထားမှုမှာ လျော်ကန်သင့်မြတ်သည်ဟု အနုညာတခုံရုံးက ယူဆလျှင် အနုညာတခုံရုံးသည် အဆိုပါလျှောက်ထားမှုကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း နောက်ဆက်တွဲ အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ပေးရမည်။

(ဆ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (စ) အရ အမှားပြင်ဆင်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် နောက်ဆက်တွဲ အနုညာတဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ ပြုလုပ်ရန် လိုအပ်ပါက အချိန်ကာလသတ်မှတ်ချက်ကို တိုးမြှင့်သတ်မှတ်နိုင်သည်။

(ဇ) ပုဒ်မ ၃၃ သည် ဤပုဒ်မအရ အမှားပြင်ဆင်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် နောက်ဆက်တွဲ အနုညာတဆုံးဖြတ်ချက်ချမှတ်ခြင်းတို့နှင့် သက်ဆိုင်စေရမည်။

**အနုညာတဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု**

၃၈။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးက အနုညာတသဘောတူညီချက်အရ ချမှတ်သည့် အနုညာတဆုံးဖြတ်ချက်သည် အပြီးသတ် ဖြစ်စေရမည့်အပြင် နှစ်ဖက်အငြင်းပွားသူများနှင့် ၎င်းတို့ကို ဆက်ခံအရေးဆိုသူတို့အပေါ် စည်းနှောင်မှုရှိစေရမည်။

## အခန်း (၉)

## ပြည်တွင်းအနုညာတဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် တရားရုံးစီရင်ပိုင်ခွင့်အာဏာများ

**တရားရုံးက ဥပဒေပြဿနာအပေါ် ပဏာမဆုံးဖြတ်ခြင်း**

၃၉။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းပါ အငြင်းပွားသူတစ်ဦးသည် အနုညာတခုံရုံးနှင့် အခြားအငြင်းပွားသူများထံသို့ အကြောင်းကြားစာပေးပို့၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းမှ ပေါ်ပေါက်လာသည့် ဥပဒေပြဿနာကို တရားရုံးက ဆုံးဖြတ်ပေးရန်လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် အငြင်းပွားသူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် အငြင်းပွားသူများ၏ အခွင့်အရေးကို အဓိကအားဖြင့် ထိခိုက်စေကြောင်း တရားရုံးက ကျေနပ်ဖွယ်တွေ့ရှိပါက အဆိုပါဥပဒေပြဿနာအပေါ် ပဏာမဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် အငြင်းပွားသူများ၏ သဘောတူညီချက်အရ လျှောက်ထားခြင်းမဟုတ်လျှင် သို့မဟုတ် အနုညာတခုံရုံး၏ ခွင့်ပြုချက်အရ လျှောက်ထားခြင်း မဟုတ်သည့်အပြင် ဥပဒေပြဿနာကို ဆုံးဖြတ်ခြင်းသည် ကုန်ကျစရိတ်ပိုမိုကျသင့်စေပြီး အမှုကို နှောင့်နှေးကြန့်ကြာစေမည်ဟု တရားရုံးကတွေ့ရှိပါက တရားရုံးသည် အဆိုပါ လျှောက်ထားမှုကို လက်ခံစဉ်းစားခြင်းမပြုရ။

(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်းပါ အငြင်းပွားသူများက သဘောတူညီချက်အရ ဆောင်ရွက်ခြင်းမှ တစ်ပါး ပုဒ်မခွဲ (က) ပါ လျှောက်လွှာတွင် ဆုံးဖြတ်ချက်ချမှတ်ရမည့် ဥပဒေပြဿနာကို ဖော်ပြရမည့်အပြင် တရားရုံးက ဆုံးဖြတ်ပေးစေလိုသည့် အကြောင်းပြချက်ကိုလည်း ဖော်ပြရမည်။

(ဃ) အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်းမရှိလျှင် ဤပုဒ်မအရ တရားရုံးသို့ လျှောက်ထားမှုသည် မပြီးမပြတ်ရှိစေကာမူ အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည့်အပြင် ဆုံးဖြတ်ချက်ကိုလည်း ချမှတ်နိုင်သည်။

## ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ခြင်း

၄၀။ (က) ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ အရ ဒီကရီကိုအတည်ပြုဆောင်ရွက်သည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(ခ) ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် လျှောက်ထားခြင်းခံရသူက အနုညာတခုံရုံးသည် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကိုချမှတ်ရန် အခွင့်အာဏာမရှိကြောင်း သက်သေထင်ရှားပြသပါက တရားရုံးသည် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကိုအတည်မပြုရ။

(ဂ) ဤပုဒ်မသည် ပြည်တွင်းအနုညာတဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုဆောင်ရွက်ခြင်းနှင့် သက်ဆိုင်စေရမည်။

## ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို ငြင်းပယ်နိုင်သည့်အချက်များ

၄၁။ (က) တရားရုံးသည် အငြင်းပွားသူတစ်ဦးက ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့်အခါ အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်မှသာ ပြည်တွင်း အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်နိုင်သည် -

(၁) အနုညာတသဘောတူညီချက်ပါ အငြင်းပွားသူတစ်ဦးသည် ဥပဒေအရ ဆောင်ရွက်နိုင်စွမ်း မရှိသော အခြေအနေသို့ ရောက်ရှိနေခြင်း၊

(၂) အနုညာတသဘောတူညီချက်တွင် အငြင်းပွားသူများက ရွေးချယ်သတ်မှတ်ထားသည့် ဥပဒေ အရဖြစ်စေ၊ အနုညာတသဘောတူညီချက်တွင် ထိုသို့ဥပဒေကို ရွေးချယ်သတ်မှတ်ထားခြင်း မရှိပါက နိုင်ငံတော်၏တည်ဆဲဥပဒေအရဖြစ်စေ အဆိုပါအနုညာတသဘောတူညီချက်သည် တရားမဝင်ခြင်း၊

(၃) ခုံသမာဓိခန့်ထားမှု သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းပြုရာတွင် လျှောက်ထားသူအား နည်းလမ်းတကျ အကြောင်းကြားမှုမပြုလုပ်ခဲ့ခြင်း သို့မဟုတ် လျှောက်ထားသူက အခြား တစ်နည်းနည်းကြောင့် အငြင်းပွားမှုကို တင်ပြဖြေရှင်းခွင့်မရခဲ့ခြင်း၊

(၄) အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အနုညာတသဘောတူညီချက်တွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်အညီ ဆင်ခြင်သုံးသပ်မှုမပြုဘဲ ချမှတ်ခဲ့သော ဆုံးဖြတ်ချက် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်အတွင်း ကျရောက်ခြင်းမရှိသော ဆုံးဖြတ်ချက် သို့မဟုတ် အနုညာတ

စီရင်ဆုံးဖြတ်ခြင်းနှင့် အကျုံးမဝင်သော ကိစ္စရပ်များအပေါ် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ ပါဝင်နေခြင်း၊

**ခြွင်းချက်။** အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသောကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်များထဲမှ အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် အကျုံးမဝင်သော ကိစ္စရပ်များအပေါ် ချမှတ်သည့်ဆုံးဖြတ်ချက်များကို ခွဲခြားဖယ်ထုတ်နိုင်လျှင် အနုညာတစီရင်ဆုံးဖြတ်ရန် မတင်သွင်းသော ကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်၏ အစိတ်အပိုင်းကို ပယ်ဖျက်နိုင်သည်။

(၅) အနုညာတခုံရုံးဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းသည် အငြင်းပွားသူများ၏ သဘောတူညီချက်နှင့်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်လည်းကောင်း ကိုက်ညီမှုမရှိခြင်း၊

**ခြွင်းချက်။** အဆိုပါ သဘောတူညီချက်သည် အငြင်းပွားသူများက လျှော့ပေါ့ခွင့်မရရှိသော ဤဥပဒေပါပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ကွဲလွဲမှုမရှိစေရ။

(၆) အငြင်းပွားမှု၏ အဓိကအကြောင်းခြင်းရာသည် တည်ဆဲဥပဒေအရ အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းရန် မဖြစ်နိုင်ခြင်း၊

(၇) အနုညာတဆုံးဖြတ်ချက်သည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် ဆန့်ကျင်နေခြင်း။

(ခ) လျှောက်ထားမှုပြုသော အငြင်းပွားသူက အနုညာတဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ သုံးလကုန်ဆုံးပြီးနောက် သို့မဟုတ် ပုဒ်မ ၃၇ အရ အနုညာတဆုံးဖြတ်ချက်နှင့်စပ်လျဉ်းသည့် လျှောက်ထားမှုကို အနုညာတခုံရုံးက ဆောင်ရွက်ပြီးသည့်နေ့မှ သုံးလကုန်ဆုံးပြီးနောက် အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်ထားမှုကို လက်ခံရရှိလျှင် တရားရုံးသည် အငြင်းပွားသူတစ်ဦး၏ တောင်းဆိုမှုသည်သင့်လျော်သည်ဟုယူဆပါက တရားရုံး၏စီရင်ဆုံးဖြတ်မှုကိုသတ်မှတ်ပေးသည့် ကာလထိ ရွှေ့ဆိုင်းရမည်။ ထိုသို့ရွှေ့ဆိုင်းခြင်းမှာ အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ပြန်လည်ဆောင်ရွက်နိုင်ရန် သို့မဟုတ် အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်စေမည့် အကြောင်းပြချက်များကို ဖယ်ရှားနိုင်မည်ဟု အနုညာတခုံရုံးက ယူဆသည့် အခြားဆောင်ရွက်မှုကို ပြုလုပ်နိုင်ရန်အတွက် ရွှေ့ဆိုင်းခြင်းဖြစ်ရမည်။

## ပြည်တွင်းအနုညာတဆုံးဖြတ်ချက်အပေါ် အယူခံဝင်ရောက်ခွင့်

၄၂။ (က) အငြင်းပွားသူတစ်ဦးဦးသည် အနုညာတခုံရုံးနှင့် တစ်ဖက်အငြင်းပွားသူများထံ အကြောင်းကြားစာပေးပို့ပြီး စစ်ဆေးသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်လာသည့် ဥပဒေပြဿနာအပေါ် တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အနုညာတဆုံးဖြတ်ချက်အပေါ် အယူခံဝင်ရောက်ခွင့်ရှိသည်။ သို့ရာတွင် အငြင်းပွားသူများက အယူခံဝင်ရောက်ခြင်းမပြုရန် စာဖြင့်ရေးသားထားသော သဘောတူညီချက်ရှိပါက ဤပုဒ်မအရ တရားရုံးသို့ အယူခံဝင်ရောက်ခွင့်မရှိစေရ။

(ဂ) အနုညာတဆုံးဖြတ်ချက်တွင် ကျိုးကြောင်းဖော်ပြချက် ရေးသားရန်မလိုကြောင်း အငြင်းပွားသူများက စာဖြင့်ရေးသားသဘောတူပါက ထိုသို့သောအကြောင်းကြောင့် ဤပုဒ်မအရ အယူခံဝင်ခွင့်မရှိစေရ။

(ဃ) ဤပုဒ်မအရ အယူခံဝင်ရောက်ခြင်းသည် ပုဒ်မ ၄၄ ပါ အချက်များနှင့် စပ်လျဉ်းသည့် အကျိုးသက်ရောက်မှုရှိစေရမည်။

( င) ဤပုဒ်မအရ အယူခံဝင်ခွင့်လျှောက်ထားရာတွင် အယူခံလွှာ၌ ဆုံးဖြတ်ရမည့် အငြင်းပွားပြဿနာနှင့် အယူခံဝင်ခွင့်ပြုရန် အကြောင်းပြချက်များကို ဖော်ပြရမည်။

(စ) ဤပုဒ်မအရ အယူခံဝင်ခွင့်ကို တရားရုံးက ငြင်းပယ်သည်ဖြစ်စေ၊ ခွင့်ပြုသည်ဖြစ်စေ ဒုတိယအယူခံဝင်ခွင့် မရှိစေရ။

၄၃။ (က) တရားရုံးသည် အောက်ဖော်ပြပါ ကိစ္စရပ်များကို ကျေနပ်လက်ခံပါက အယူခံမှုကို ခွင့်ပြုရမည် -

(၁) အငြင်းပွားပြဿနာအပေါ် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်သည် အငြင်းပွားသူတစ်ဦးသို့မဟုတ် အငြင်းပွားသူများ၏ အခွင့်အရေးကို အဓိကထိခိုက်နစ်နာမှုရှိခြင်း၊

(၂) ဆုံးဖြတ်ပေးရန် တင်ပြထားသည့် အငြင်းပွားပြဿနာအပေါ် အနုညာတခုံရုံး၏ဆုံးဖြတ်ချက်မှာ သိသာထင်ရှားစွာ မှားယွင်းနေခြင်း။

(ခ) ဤပုဒ်မအရ အယူခံဝင်ရောက်ရာတွင် တရားရုံးသည် အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊

(၂) အနုညာတဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊

(၃) အနုညာတဆုံးဖြတ်ချက်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အနုညာတခုံရုံးက ပြန်လည်စိစစ်သုံးသပ်ရန် ဆုံးဖြတ်ချက်ကို ပြန်လည်ပေးပို့ခြင်း၊

(၄) ဆုံးဖြတ်ချက်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပယ်ဖျက်ခြင်း။

(ဂ) အောက်ဖော်ပြပါ တရားရုံးအမိန့်များအပေါ် စီရင်ပိုင်ခွင့်အာဏာရ တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည် -

(၁) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (စ) အရ အနုညာတဆုံးဖြတ်မှုခံယူရေး လွှဲအပ်ရန် ငြင်းပယ်သောအမိန့်၊

(၂) ပုဒ်မ ၁၁ ပါ ကြားဖြတ်ဆောင်ရွက်ရမည့် နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ခွင့်ပြုသောအမိန့် သို့မဟုတ် ငြင်းပယ်သောအမိန့်၊

(၃) ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ ဥပဒေပြဿနာကို ဆုံးဖြတ်သည့် တရားရုံး၏အမိန့်၊

(၄) ပုဒ်မ ၄၁ အရ ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်သောအမိန့် သို့မဟုတ်ပယ်ဖျက်ရန် ငြင်းပယ်သောအမိန့်။

(ဃ) အောက်ဖော်ပြပါ အနုညာတခုံရုံးအမိန့်များကို စီရင်ပိုင်ခွင့်အာဏာရ တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည် -

(၁) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသည့် လျှောက်ထားချက်ကို လက်ခံသောအမိန့်၊

(၂) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (င) အရ အနုညာတခုံရုံးက ၎င်း၌ စီရင်ပိုင်ခွင့်ရှိကြောင်း သို့မဟုတ်စီရင်ပိုင်ခွင့်မရှိကြောင်း ဆုံးဖြတ်သည့်အမိန့်၊

(၃) ပုဒ်မ ၁၉ အရ ကြားဖြတ်ဆောင်ရွက်ရန် နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့်ပြုသောအမိန့် သို့မဟုတ် ဆောင်ရွက်ရန် ငြင်းပယ်သောအမိန့်။

(င) ဤပုဒ်မအရ တင်သွင်းသည့်အယူခံမှုတွင် ချမှတ်သော အမိန့်တစ်ရပ်ရပ်အပေါ် ဒုတိယအယူခံဝင်ခွင့်မရှိစေရ။

**ပြည်တွင်းအနုညာတဆုံးဖြတ်ချက်အပေါ် အယူခံတရားရုံးအမိန့်၏ အကျိုးသက်ရောက်မှု**

၄၄။ အယူခံတရားရုံးသည် ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ အနုညာတဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရာတွင် -

(က) အနုညာတဆုံးဖြတ်ချက်ကို ပြင်ဆင်၍ ဆုံးဖြတ်ပါက အဆိုပါ ပြင်ဆင်ဆုံးဖြတ်ချက်သည် အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်းအဖြစ် အကျိုးသက်ရောက်စေရမည်။

(ခ) အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်လုံးကိုဖြစ်စေ၊ ဆုံးဖြတ်ချက်တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြန်လည်စိစစ်သုံးသပ်ရန်အတွက် တရားရုံးကလွှဲအပ်သော အမိန့်ချမှတ်သည့်အခါ အနုညာတခုံရုံးသည် အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို ပြန်လည်စိစစ်သုံးသပ်၍ ဆုံးဖြတ်ရမည်။

(ဂ) အနုညာတခုံရုံးက ထိုသို့ ပြန်လည်စိစစ်ဆုံးဖြတ်ချက်ကိုချမှတ်ရန် သင့်လျော်သည့် အချိန်ကာလကို သတ်မှတ်ပေးနိုင်သည်။

## အခန်း (၁၀)

## နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်း

**နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ရာတွင် တင်ပြရမည့် အချက်များ**

၄၅။ (က) နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်တစ်ရပ်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသူသည် အောက်ပါစာတမ်းအမှတ်အသားများကို တရားရုံးသို့ တင်ပြရမည် -

(၁) ဆုံးဖြတ်ချက် ချမှတ်ရာနိုင်ငံ၏ ဥပဒေအရ သတ်မှတ်ထားသော နည်းလမ်းအတိုင်း စစ်မှန်ကြောင်း နည်းလမ်းတကျ လက်မှတ်ရေးထိုးထားသည့် အနုညာတဆုံးဖြတ်ချက်မူရင်း သို့မဟုတ် ဆုံးဖြတ်ချက်တာဝန်ခံမိတ္တူတစ်စောင်၊

(၂) အနုညာတသဘောတူညီချက်မူရင်း သို့မဟုတ် တာဝန်ခံမိတ္တူတစ်စောင်၊

(၃) အနုညာတဆုံးဖြတ်ချက်သည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ဖြစ်ကြောင်း သက်သေထင်ရှားပြသရန် လိုအပ်သည့် သက်သေခံချက်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြရမည့် အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက်ကို နိုင်ငံခြားဘာသာဖြင့် ရေးသားထားလျှင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသူသည် ၎င်းနှင့်သက်ဆိုင်သောနိုင်ငံ၏ သံအရာရှိ သို့မဟုတ် ကောင်စစ်အရာရှိ သို့မဟုတ် တရားဝင်ဘာသာပြန်ဆိုသူ သို့မဟုတ် ကျမ်းသစ္စာပြု၍ ဘာသာပြန်ဆိုသူက မှန်ကန်ကြောင်းတာဝန်ခံလက်မှတ်ရေးထိုးထားသော အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို တင်ပြရမည် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ လိုအပ်သောအချက်များနှင့် ပြည့်စုံမှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးထားသည့် အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို တင်ပြရမည်။

**နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်း**

၄၆။ (က) ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့အရ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန် ငြင်းပယ်ခြင်းမှတစ်ပါး တရားရုံးသည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို တရားရုံး၏ ဒီကရီဖြစ်သည်ဟု မှတ်ယူ၍ အတည်ပြုဆောင်ရွက်ခြင်း ပြုရမည်။

(ခ) နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အသိအမှတ်ပြုရန်နှင့်အတည်ပြုဆောင်ရွက်ရန် လျှောက်ထားခြင်းခံရသူက အောက်ပါအချက်တစ်ရပ်ရပ်ကို သက်သေပြနိုင်လျှင် တရားရုံးသည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန် ငြင်းဆို နိုင်သည် -

(၁) အနုညာတသဘောတူညီချက်တွင် ပါဝင်သူတို့သည် ၎င်းတို့လိုက်နာရမည့် ဥပဒေအရ ဆောင်ရွက်နိုင်စွမ်းမရှိသော အခြေအနေသို့ ရောက်ရှိနေခြင်း၊

(၂) အနုညာတသဘောတူညီချက်သည် ၎င်းတို့လိုက်နာရမည့် ဥပဒေအရ တရားမဝင်ခြင်း သို့မဟုတ် အဆိုပါ သဘောတူညီချက်တွင် ၎င်းတို့လိုက်နာရမည့် ဥပဒေကို သတ်မှတ် ဖော်ပြထားခြင်းမရှိသည့်အတွက် အနုညာတဆုံးဖြတ်ချက်ချမှတ်ရာနိုင်ငံ၏ ဥပဒေအရ တရားမဝင်ခြင်း၊

(၃) ခုံသမာဓိခန့်ထားမှုတွင် နည်းလမ်းတကျ အကြောင်းကြားမှုမရှိခြင်း သို့မဟုတ် အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို နည်းလမ်းတကျ ဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် အနုညာတစီရင် ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားခြင်းခံရသူသည် တစ်နည်းနည်းကြောင့် အမှုတွင်တင်ပြဖြေရှင်းခွင့် မရခြင်း၊

(၄) အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အနုညာတသဘောတူညီချက်တွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်အညီ ချင့်ချိန်သုံးသပ်မှုမပြုလုပ်ဘဲ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်း သို့မဟုတ် အနုညာတစီရင် ဆုံးဖြတ်ရာတွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်အတွင်း ကျရောက်ခြင်း မရှိသည့် အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ခြင်း သို့မဟုတ် အနုညာတခုံရုံးသည် သတ်မှတ် ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်ထက်ကျော်လွန်၍ ဆုံးဖြတ်ခဲ့ခြင်း၊

(၅) အနုညာတခုံရုံးဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်သည့် လုပ်ထုံးလုပ်နည်းသည် အငြင်းပွားသူတို့၏ သဘောတူညီချက်နှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ် ထိုသဘော တူညီချက်တွင် အဆိုပါအချက်များနှင့် စပ်လျဉ်းသည့် မည်သို့မျှ ဖော်ပြထားခြင်းမရှိပါက အနုညာတစီရင်ဆုံးဖြတ်ရာနိုင်ငံ၏ ဥပဒေနှင့်ကိုက်ညီမှုမရှိခြင်း၊

(၆) အနုညာတစီရင်ဆုံးဖြတ်ချက်သည် လျှောက်ထားသူများအပေါ် စည်းနှောင်မှုမရှိသေးခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ချက် ချမှတ်ရာနိုင်ငံ၏ အခွင့်ရ အာဏာပိုင်ကဖြစ်စေ၊ ထိုနိုင်ငံ၏ ဥပဒေအရ အခွင့်ရအာဏာပိုင်ကဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီးဖြစ်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်း။

(ဂ) တရားရုံးက အောက်ပါအချက်တစ်ရပ်ရပ်ကိုတွေ့ရှိလျှင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြု ဆောင်ရွက်ရန် ငြင်းဆိုနိုင်သည် -

(၁) အငြင်းပွားသည့် အကြောင်းခြင်းရာသည် နိုင်ငံတော်၏ဥပဒေအရ အနုညာတစီရင်ဆုံးဖြတ် ခြင်းနည်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခွင့် မရှိခြင်း၊

(၂) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုး စီးပွားနှင့် ဆန့်ကျင်ခြင်း။

(ဃ) အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် သို့မဟုတ် ဆိုင်းငံ့ပေးရန် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၆) တွင် ရည်ညွှန်းသော အခွင့်ရအာဏာပိုင်ထံ လျှောက်ထားဆဲဖြစ်ကြောင်း တင်ပြလျှင် တရားရုံးသည်သင့်လျော်သည်ဟု ယူဆပါက အနုညာတဆုံးဖြတ်ချက်ကို အတည်ပြု ဆောင်ရွက်ရန် အမိန့်ချမှတ်ခြင်းကို ရွှေ့ဆိုင်းနိုင်သည်။ ထို့အပြင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသူ၏ လျှောက်ထားချက်အရ တစ်ဖက်အငြင်းပွား သူအား သင့်လျော်သည့်အာမခံငွေကို တင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

## အယူခံဝင်ခွင့်

၄၇။ အငြင်းပွားသူတစ်ဦးဦးသည် -

(က) စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ချမှတ်သည့် အောက်ဖော်ပြပါ အမိန့်များအပေါ် အယူခံဝင်ခွင့်ရှိသည် -

(၁) ပုဒ်မ ၁၀ အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန် လွှဲအပ်ခြင်းကို ငြင်းပယ်သောအမိန့်၊

(၂) ပုဒ်မ ၁၁ ပါ အမိန့်တစ်ရပ်ရပ်၊

(၃) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့အရ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်သောအမိန့် သို့မဟုတ် ပယ်ဖျက်ရန် ငြင်းပယ်သောအမိန့်။

(ခ) အောက်ဖော်ပြပါ အနုညာတခုံရုံး၏ အမိန့်များကို စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ အယူခံဝင်ရောက်နိုင်သည် -

(၁) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (င) အရ အနုညာတခုံရုံးက ၎င်း၌ စီရင်ပိုင်ခွင့်ရှိကြောင်း သို့မဟုတ် စီရင်ပိုင်ခွင့်မရှိကြောင်း ဆုံးဖြတ်သည့်အမိန့်၊

(၂) ပုဒ်မ ၁၉ အရ ကြားဖြတ်ဆောင်ရွက်ရန် နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့်ပြုသောအမိန့် သို့မဟုတ် ဆောင်ရွက်ရန် ငြင်းပယ်သောအမိန့်။

၄၈။ ဤအခန်းပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ဤဥပဒေမပြဋ္ဌာန်းမီက နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို ရရှိပြီး မြန်မာနိုင်ငံတွင် အတည်ပြုဆောင်ရွက်ခွင့်ရှိမည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကိုဖြစ်စေ၊ ၎င်းအပေါ် အတည်ပြုဆောင်ရွက်ခွင့်ပျက်ပြယ်ပြီးဖြစ်သည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကိုဖြစ်စေ ထိခိုက်ခြင်းမရှိစေရ။

## The Arbitration (Protocol and Convention) Act နှင့် သက်ဆိုင်မှုမရှိခြင်း

၄၉။ ဤအခန်းပါ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အတည်ပြုဆောင်ရွက်ခြင်းသည် The Arbitration (Protocol and Convention) Act, 1937 ပါ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အတည်ပြုဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း (၁၁)

## အထွေထွေ

၅၀။ (က) နယူးယောက်ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံ၏ အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန်အလို့ငှာ အနုညာတသဘောတူညီချက် သို့မဟုတ် အနုညာတဆုံးဖြတ်ချက်သည် စစ်မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးစေရန် သို့မဟုတ် တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံရန်အတွက် ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုမှ တာဝန်ရှိသူတစ်ဦးဦးကိုဖြစ်စေ အမိန့်ကြော်ငြာစာဖြင့် ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားခြင်းခံရသူသည် -

(၁) ပြည်ထောင်စုတရားသူကြီးချုပ်က သတ်မှတ်ပေးသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

(၂) အငြင်းပွားသူများ၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်မရရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အငြင်းပွားသူများ၏ ကိုယ်ရေးအချက်အလက်များအပါအဝင် အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက်ပါ အချက်တစ်ရပ်ရပ်ကို အခြားသူသို့ ထုတ်ဖော်ခြင်းမပြုရ။

၅၁။ အနုညာတဆုံးဖြတ်ချက်တွင် ပေးချေရမည့်ငွေပမာဏကို ဖော်ပြထားသော်လည်း အခြားနည်းညွှန်ပြထားခြင်းမရှိလျှင် တရားရုံးက တရားမကျင့်ထုံးဥပဒေပါ ငွေ ဒီကရီအတွက် သတ်မှတ်သော အတိုးနှုန်းထားအတိုင်း အနုညာတဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ အတိုးပေးစေရမည်။

၅၂။ (က) အနုညာတခုံရုံးသည် အနုညာတခုံရုံးသို့ တင်သွင်းသော တောင်းဆိုမှုနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (စ) တွင် ရည်ညွှန်းထားသော ကုန်ကျစရိတ်များအတွက် ထိုက်သင့်သည်ဟု မှန်းဆသောငွေကို ကြိုတင်ပေးသွင်းစေရန် အာမခံငွေ သို့မဟုတ် အပိုဆောင်းအာမခံငွေ ပမာဏကို သတ်မှတ်နိုင်သည်။ သို့ရာတွင် တောင်းဆိုမှုအပြင် အပြန်အလှန်တောင်းဆိုမှုကို အနုညာတခုံရုံးသို့တင်သွင်းတောင်းဆိုထားလျှင် ထိုသို့တောင်းဆိုမှုနှင့်အပြန်အလှန်တောင်းဆိုမှုအတွက် သီးခြားအာမခံငွေများကို ပေးသွင်းစေရန် သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော အာမခံငွေအတွက် အငြင်းပွားသူများက အညီအမျှ ပေးဆောင်ရမည်။ သို့ရာတွင် အငြင်းပွားသူတစ်ဦးက အာမခံငွေအတွက် ၎င်းပေးဆောင်ရမည့် အချိုးကျငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက တစ်ဖက်အငြင်းပွားသူက ထိုငွေကို ပေးဆောင်နိုင်သည်။ ထို့အပြင် တစ်ဖက်အငြင်းပွားသူကလည်း တောင်းဆိုမှု သို့မဟုတ် အပြန်အလှန်တောင်းဆိုမှုအတွက် အထက်ဖော်ပြပါ အချိုးကျငွေကိုပေးဆောင်ခြင်းမရှိပါက အနုညာတခုံရုံးသည် ထိုတောင်းဆိုမှု သို့မဟုတ် အပြန်အလှန်တောင်းဆိုမှုနှင့်စပ်လျဉ်းသော အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည် သို့မဟုတ် ရပ်စဲနိုင်သည်။

(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုရပ်စဲလျှင် အနုညာတခုံရုံးသည် လက်ခံရရှိသောအာမခံငွေနှင့် ပတ်သက်သည့် စာရင်းရှင်းလင်းချက်ကို အငြင်းပွားသူများထံ ပေးပို့ရမည့်အပြင် ခုံရုံးကုန်ကျစရိတ်နုတ်ပြီး မသုံးစွဲရသေးသော လက်ကျန်ငွေကို ပြန်အမ်းရမည်။

၅၃။ (က) အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် မရရှိသေးသော စရိတ်များအတွက် ရထိုက်ခွင့်ရှိစေရမည်။

(ခ) အနုညာတခုံရုံးသို့ ပေးရန်ရှိသည့်စရိတ်ကို အငြင်းပွားသူတစ်ဦးဦးက ပေးရန်ငြင်းဆိုသဖြင့် အနုညာတခုံရုံးက အနုညာတဆုံးဖြတ်ချက် ချမှတ်ပေးခြင်းမပြုသည့်အတွက် တစ်ဖက်အငြင်းပွားသူတစ်ဦးက တရားရုံးသို့ လျှောက်ထားရာတွင် တရားရုံးသည် လိုအပ်သလို စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး သင့်လျော်သည်ဟု ယူဆသောစရိတ်ငွေကို အနုညာတခုံရုံးသို့ ပေးရန်တာဝန်ရှိသူက ပေးသွင်းစေရန်နှင့် အနုညာတခုံရုံးက အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တောင်းဆိုသော ကုန်ကျစရိတ်ငွေနှင့်စပ်လျဉ်း၍ အငြင်းပွားသူနှင့် အနုညာတခုံရုံးအကြား စာဖြင့်ရေးသားထားသည့် သဘောတူညီချက်မရှိလျှင် ပုဒ်မခွဲ (ခ) အရ လျှောက်ထားမှုကို အငြင်းပွားသူတစ်ဦးဦးက ပြုလုပ်နိုင်သည်။

(ဃ) အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ ပြဿနာပေါ်ပေါက်လျှင် သို့မဟုတ် လုံလောက်သော ဖော်ပြချက်မပါရှိလျှင် အဆိုပါ ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ တရားရုံးကသင့်သည်ဟု ထင်မြင်သောအမိန့်ကို ချမှတ်နိုင်သည်။

၅၄။ (က) အနုညာတသဘောတူညီချက်တွင် ပါဝင်သော အငြင်းပွားသူတစ်ဦးဦး ကွယ်လွန်ခြင်းကြောင့် ထိုသူနှင့်ပတ်သက်၍သော်လည်းကောင်း၊ အခြားအငြင်းပွားသူတစ်ဦးနှင့် ပတ်သက်၍သော်လည်းကောင်း အနုညာတသဘောတူညီချက်သည် ရပ်စဲခြင်းမရှိစေရ။ သို့ရာတွင် အငြင်းပွားသူတစ်ဦးဦး ကွယ်လွန်ပါက ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ်ကဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်အပေါ်ဖြစ်စေ အနုညာတသဘောတူညီချက်ကို အတည်ပြုဆောင်ရွက်ခွင့်ရှိစေရမည်။

(ခ) ခုံသမာဓိတစ်ဦးကိုခန့်ထားသော အငြင်းပွားသူတစ်ဦးဦး ကွယ်လွန်ခြင်းကြောင့် အဆိုပါ ခုံသမာဓိ၏ လုပ်ပိုင်ခွင့်သည် ရပ်စဲခြင်းမရှိစေရ။

၅၅။ ဤဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ မည်သို့ပင် ပြဋ္ဌာန်းထားရှိစေကာမူ အနုညာတသဘောတူညီချက်တစ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးတစ်ရုံးသို့ ဤဥပဒေအရလျှောက်ထားပြီးဖြစ်လျှင် ထိုတရားရုံးကသာလျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းအပေါ် စီရင်ပိုင်ခွင့်ရှိစေရမည်။ အနုညာတသဘော တူညီချက်နှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းတို့မှ ပေါ်ပေါက်လာသော နောက်ဆက်တွဲလျှောက်ထားမှုများကို ထိုတရားရုံး၌သာလျှင် လျှောက်ထားရမည်။ အခြားမည်သည့် တရားရုံးတွင်မျှ လျှောက်ထားခွင့်မရှိစေရ။

၅၆။ ကာလစည်းကမ်းသတ်အက်ဥပဒေတွင် ၁၉၄၄ ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း အက်ဥပဒေကို ရည်ညွှန်းထားသော အပိုဒ်များသည် ဤဥပဒေကို ရည်ညွှန်းဘိသကဲ့သို့ မှတ်ယူရမည်။

၅၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်လျှင် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် လက်စွဲများကို ဤဥပဒေနှင့်အညီ ထုတ်ပြန်နိုင်သည်။

၅၈။ (က) အငြင်းပွားသူများက အနုညာတသဘောတူညီချက်တွင်ဖြစ်စေ၊ အခြားစာတမ်းအမှတ်အသား များတွင်ဖြစ်စေ အခြားနည်း သဘောတူထားခြင်းမရှိလျှင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မတိုင်မီက စတင်ဆောင်ရွက်ခဲ့သော အနုညာတသဘောတူညီချက် အရ ဆောင်ရွက်နေသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို အထောက်အထားပြု၍ ဤဥပဒေမပြဋ္ဌာန်းမီက အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို စတင်ဆောင်ရွက်ခဲ့လျှင် ဆောင်ရွက်ဆဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို အနုညာတသဘောတူညီချက်ပါ အငြင်းပွားသူများက ရွေးချယ်သတ်မှတ်ထားသော ဥပဒေ အရသာ ဆက်လက်ဆောင်ရွက်ရမည်။

၅၉။ The Arbitration Act, 1944 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၆)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

## ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ
## ( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ရာဇသတ်ကြီးပုဒ်မ ၅ တွင် ပါရှိသော "officers, soldiers, sailors or airmen in the service of the Government" ဆိုသည့် စကားရပ်ကို "Defence Services Personnel" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရာဇသတ်ကြီးပုဒ်မ ၁၉ ၏ ဥပမာ (ခ) နှင့် (ဃ)၊ ပုဒ်မ ၁၁၈ ၏ ဥပမာ၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၆၁ ၏ ဥပမာ (က)၊ ပုဒ်မ ၁၆၅ ၏ ဥပမာ (ဂ)၊ ပုဒ်မ ၁၇၇ ၏ ဥပမာ၊ ပုဒ်မ ၁၈၂ ၏ ဥပမာ (က)၊ ပုဒ်မ ၁၉၃ ရှင်းလင်းချက် ၂ ၏ ဥပမာ၊ ပုဒ်မ ၂၂၇၊ ပုဒ်မ ၄၉၉ စတုတ္ထကင်းလွတ်ချက်၏ ရှင်းလင်းချက်၊ ပုဒ်မ ၄၉၉ အဋ္ဌမကင်းလွတ်ချက်၏ ဥပမာနှင့် နဝမကင်းလွတ်ချက်၏ ဥပမာ (ခ) တို့တွင်ပါရှိသော "Magistrate" ဆိုသည့် စကားရပ်တို့ကို "Judge" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရာဇသတ်ကြီးပုဒ်မ ၂၁ ၏ -

(က) ဒုတိယ၌ပါရှိသော "Military, Naval or Air Forces of the State" ဆိုသည့် စကားရပ်ကို "Defence Services" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပဉ္စမ၌ပါရှိသော "member of a village committee" ဆိုသည့် စကားရပ်ကို "administrator of ward or village-tract" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ဧကာဒသမ၊ ဥပမာ၌ပါရှိသော "A Municipal Commissioner" ဆိုသည့် စကားရပ်ကို "A member of Development Committee or Body" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ဧကာဒသမ၊ ရှင်းလင်းချက် ၃ ၌ပါရှိသော "Union Parliament" ဆိုသည့် စကားရပ်ကို "the respective Hluttaw" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "any municipal" ဆိုသည့် စကားရပ်ကို " any Development Committee or Body" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၅။ ရာဇသတ်ကြီးပုဒ်မ ၄၉ တွင် ပါရှိသော "British calendar" ဆိုသည့် စကားရပ်ကို "Gregorian calendar" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရာဇသတ်ကြီးပုဒ်မ ၅၃ ၏ ဒုတိယနှင့် ပုဒ်မ ၁၂၀-ခ၊ ပုဒ်မခွဲ (၁) တို့တွင်ပါရှိသော "transportation" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၅၀၆ ဒုတိယအပိုဒ်နှင့် ပုဒ်မ ၅၁၁ တို့တွင် ပါရှိသော "transportation or" ဆိုသည့် စကားရပ်တို့ကိုလည်းကောင်း ပယ်ဖျက်ရမည်။

၇။ ရာဇသတ်ကြီးပုဒ်မ ၅၅၊ ၇၅၊ ပုဒ်မ ၁၁၅ ပထမအပိုဒ်၊ ပုဒ်မ ၁၁၅ ၏ ဥပမာ၊ ပုဒ်မ ၁၁၈ ပထမအပိုဒ်၊ ပုဒ်မ ၁၁၉ စတုတ္ထအပိုဒ်၊ ပုဒ်မ ၁၂၂ ပုဒ်မခွဲ (၁) နှင့် ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (၁) ပုဒ်မ ၁၂၅၊ ၁၂၈၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ပုဒ်မ ၁၉၄ ပထမအပိုဒ်၊ ပုဒ်မ ၁၉၅၊ ပုဒ်မ ၁၉၅ ၏ ဥပမာ၊ ပုဒ်မ ၂၀၁ တတိယအပိုဒ်၊ ပုဒ်မ ၂၁၁ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၁၂ တတိယအပိုဒ်နှင့် ဥပမာ၊ ပုဒ်မ ၂၁၃ တတိယအပိုဒ်၊ ပုဒ်မ ၂၁၄ တတိယအပိုဒ်၊ ပုဒ်မ ၂၁၆၊ ပုဒ်မ ၂၂၁ တတိယအပိုဒ်၊ ပုဒ်မ ၂၂၂ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၂၅ ဒုတိယအပိုဒ်နှင့် ပဉ္စမအပိုဒ်၊ ပုဒ်မ ၂၃၂၊ ၂၃၈၊ ၂၅၅၊ ပုဒ်မ ၃၀၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) နှင့် ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၀၄၊ ၃၀၅၊ ပုဒ်မ ၃၀၇ ပထမအပိုဒ်နှင့် ဒုတိယအပိုဒ်၊ ပုဒ်မ ၃၁၁၊ ၃၁၃၊ ပုဒ်မ ၃၁၄ ဒုတိယအပိုဒ်၊ ပုဒ်မ ၃၂၆၊ ၃၂၉၊ ၃၆၄၊ ၃၇၁၊ ၃၇၆၊ ၃၇၇၊ ၃၈၈၊ ၃၈၉၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၄၀၀၊ ၄၀၉၊ ၄၁၂၊ ၄၁၃၊ ၄၃၆၊ ၄၃၈၊ ၄၄၉၊ ၄၅၀၊ ၄၅၉၊ ၄၆၀၊ ၄၆၇၊ ၄၇၂၊ ၄၇၄၊ ၄၇၅၊ ၄၇၇၊ ပုဒ်မ ၄၈၉-က၊

ပုဒ်မ ၄၈၉-ခ နှင့် ပုဒ်မ ၄၈၉-ဃ တို့တွင် ပါရှိသော "transportation for life" ဆိုသည့် စကားရပ်တို့ကို "imprisonment for a term of twenty years" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၈။ ရာဇသတ်ကြီးပုဒ်မ ၅၇၊ ၅၈၊ ၅၉၊ ၂၂၆ နှင့် ပုဒ်မ ၂၆၃-က၊ ပုဒ်မခွဲ (၄) တို့ကို ပယ်ဖျက်ရမည်။

၉။ ရာဇသတ်ကြီးပုဒ်မ ၆၇၊ ၆၉ ၏ ဥပမာ၊ ၄၂၇ နှင့် ၄၂၉ တို့တွင်ပါရှိသော "fifty kyats" ဆိုသည့် စကားရပ်ကို "five thousand kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၀။ ရာဇသတ်ကြီးပုဒ်မ ၆၇၊ ပုဒ်မ ၆၉ ၏ ဥပမာ၊ ပုဒ်မ ၁၆၀ နှင့် ၄၃၅ တို့တွင် ပါရှိသော "one hundred kyats" ဆိုသည့် စကားရပ်ကို "ten thousand kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၁။ ရာဇသတ်ကြီးပုဒ်မ ၆၉ ၏ ဥပမာတွင် ပါရှိသော "seventy-five kyats" ဆိုသည့် စကားရပ်ကို "seven thousand and five hundred kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က တွင် ပါရှိသော "with transportation for life or any shorter term, to which fine may be added, or with imprisonment which may extend to three years, to which fine may be added, or with fine" ဆိုသည့် စကားရပ်ကို "with imprisonment for a term of twenty years, to which fine may be added, or with imprisonment which may extend to seven years, to which fine may be added, or with fine" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ရာဇသတ်ကြီး အခန်း ၆-က ခေါင်းစဉ်တွင် ပါရှိသော "OFFENCES RELATING TO CERTAIN PROVISIONS CONTAINED IN THE CONSTITUTION AND ACTS OF THE PARLIAMENT" ဆိုသည့် စကားရပ်ကို "OFFENCES RELATING TO CERTAIN PROVISIONS CONTAINED IN THE CONSTITUTION OF THE REPUBLIC OF THE UNION OF MYANMAR AND THE EXISTING LAWS " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ရာဇသတ်ကြီးပုဒ်မ ၁၃၀-က တွင် ပါရှိသော "in sections 15,17,19,20, or sub-sections (2) and (3) of section 23 of the Constitution of the Union of Myanmar or in any Act enacted by the Parliament of the Union of Myanmar" ဆိုသည့် စကားရပ်ကို "in sub-section (b) of section 36, sections 348, 349, 350, 351, 352, 353, 354, 355, 356, 357, 358, 359, 360, 368, 369, 370, 371, 372, 376, 380 and 381 of the Constitution of the Republic of the Union of Myanmar or in any existing laws " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ရာဇသတ်ကြီး အခန်း ၇ ခေါင်းစဉ်တွင် ပါရှိသော "OF OFFENCES RELATING TO THE ARMY, NAVY AND AIR FORCE" ဆိုသည့် စကားရပ်ကို "OF OFFENCES RELATING TO THE DEFENCE SERVICES" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ရာဇသတ်ကြီးပုဒ်မ ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၈ နှင့် ပုဒ်မ ၅၀၅၊ ပုဒ်မခွဲ (က) တို့တွင်ပါရှိသော "an officer, soldier, sailor or airman, in the Army, Navy or Air Force" ဆိုသည့် စကားရပ်ကို "a member of the Defence Services" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၇။ ရာဇသတ်ကြီးပုဒ်မ ၁၃၁ နှင့် ၁၃၆ တို့တွင် ပါရှိသော "any such officer, soldier, sailor or airman" ဆိုသည့် စကားရပ်ကို "any such member of the Defence Services" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၈။ ရာဇသတ်ကြီးပုဒ်မ ၁၃၇ တွင် ပါရှိသော "the Army, Navy or Air Force" ဆိုသည့် စကားရပ်ကို "the Defence Services" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၃၉ တွင်ပါရှိသော "the Myanmar Army Act, the Myanmar Naval Volunteer Reserve (Discipline) Act or the Myanmar Air Force (Discipline) Act, 1947," ဆိုသည့် စကားရပ်တို့ကို "the Defence Services Act, 1959" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၉။ ရာဇသတ်ကြီးပုဒ်မ ၁၃၇၊ ၁၄၀၊ ၁၇၁-ဓ၊ ၁၇၁-ဈ၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၈၀၊ ၁၈၄၊ ၁၈၆၊ ၁၈၇၊ ၂၇၇၊ ၂၇၈၊ ၂၇၉-က၊ ၃၃၄၊ ၃၃၆၊ ၃၄၁၊ ၃၅၂ နှင့် ၄၄၇ တို့တွင်ပါရှိသော "five hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၀။ ရာဇသတ်ကြီးပုဒ်မ ၁၄၀ တွင် ပါရှိသော "a soldier, sailor or airman, in the Military, Naval or Air Force" ဆိုသည့် စကားရပ်နှင့် "a soldier, sailor or airman" ဆိုသည့် စကားရပ်တို့ကို "a member of the Defence Services" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၁။ ရာဇသတ်ကြီးပုဒ်မ ၁၄၁ ၏ ပထမနှင့် ပုဒ်မ ၁၆၁ တို့တွင်ပါရှိသော "Union Parliament" ဆိုသည့် စကားရပ်ကို "the respective Hluttaw" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ရာဇသတ်ကြီးပုဒ်မ ၁၅၄၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၇၉၊ ၁၈၂၊ ၁၈၃၊ ၁၈၈၊ ၂၂၈၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၉၊ ၂၈၀၊ ၂၈၂၊ ၂၈၄၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ပုဒ်မ ၂၉၄-က ဒုတိယအပိုဒ်နှင့် တတိယအပိုဒ်၊ ပုဒ်မ ၃၂၃၊ ၃၃၇၊ ၃၄၂၊ ၃၅၇ နှင့် ၄၄၈ တို့တွင်ပါရှိသော "one thousand kyats" ဆိုသည့် စကားရပ်တို့ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၂၃။ ရာဇသတ်ကြီးပုဒ်မ ၁၇၁၊ ၁၈၅၊ ၁၈၇၊ ၁၈၈၊ ပုဒ်မ ၂၆၃-က၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဂဂ)၊ ပုဒ်မ ၂၈၃၊ ၂၉၀၊ ၃၅၈ နှင့် ၄၉၁ တို့တွင်ပါရှိသော "two hundred kyats" ဆိုသည့် စကားရပ်ကို "twenty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၄။ ရာဇသတ်ကြီးပုဒ်မ ၁၇၁-စ ၏ ခြွင်းချက်ကို ပယ်ဖျက်ရမည်။

၂၅။ ရာဇသတ်ကြီးပုဒ်မ ၂၁၆ ပဉ္စမအပိုဒ်၌ပါရှိသော "extradition" ဆိုသည့် စကားရပ်ကို "extradition or The Mutual Assistance in Criminal Matters Law" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၆။ ရာဇသတ်ကြီးပုဒ်မ ၂၂၂ တတိယအပိုဒ်နှင့် ပုဒ်မ ၂၂၅ စတုတ္ထအပိုဒ် တို့တွင်ပါရှိသော "transportation for life or to transportation or imprisonment for a term of ten years or upwards;" ဆိုသည့်စကားရပ်ကို "imprisonment for a term of twenty years or imprisonment for a term of ten years which may extend to twenty years" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၇။ ရာဇသတ်ကြီးပုဒ်မ ၃၃၅ တွင်ပါရှိသော "two thousand kyats" ဆိုသည့် စကားရပ်ကို "two hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၈။ ရာဇသတ်ကြီးပုဒ်မ ၃၆၁ တွင်ပါရှိသော "under sixteen years of age if a female" ဆိုသည့် စကားရပ်ကို "under eighteen years of age if a female" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၉။ ရာဇသတ်ကြီးတွင် -

(က) ပုဒ်မ ၃၇၅ ၏ ပဉ္စမ၌ပါရှိသော "fourteen years of age" ဆိုသည့် စကားရပ်ကို "sixteen years of age" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃၇၅ ၏ ကင်းလွတ်ချက်၌ပါရှိသော "thirteen years of age" ဆိုသည့် စကားရပ်ကို "fifteen years of age" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ရာဇသတ်ကြီးပုဒ်မ ၄၁၇ တွင် ပါရှိသော "one year" ဆိုသည့် စကားရပ်ကို "three years" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၁။ ရာဇသတ်ကြီးပုဒ်မ ၁၇၁-ဇ ၏ ခြွင်းချက်၊ ပုဒ်မ ၄၂၈၊ ၄၃၅ နှင့် ၅၁၀ တို့တွင်ပါရှိသော "ten kyats" ဆိုသည့် စကားရပ်တို့ကို "one thousand kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို**
**တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ရွေးကောက်ပွဲ**ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော်ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာသတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည် -

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအားကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်

စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့သတ်မှတ်ထားသည့် အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်း ဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း (၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော် သက်တမ်းနှင့် နောက်လာမည့်လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့်ရွေးကောက်ပွဲ များတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန်ပျက်ကွက် သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်ကကြေညာခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီးဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်းမကုန်ဆုံးမီ တစ်နှစ်အတွင်းဖြစ်ပါက အစားထိုး ရွေးကောက်တင်မြှောက်ခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို**
**တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို**
**တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“(ဃ) ရွေးကောက်ပွဲ**ဆိုသည်မှာ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော်ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာသတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။**”**

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည် -

“၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သောရွေးကောက်ပွဲသည် လွတ်လပ်၍

တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်း ဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း (၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော် သက်တမ်းနှင့် နောက်လာမည့်လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့်ရွေးကောက်ပွဲ များတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန်ပျက်ကွက် သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်ကကြေညာခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီးဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်းမကုန်ဆုံးမီ တစ်နှစ်အတွင်းဖြစ်ပါက အစားထိုး ရွေးကောက်တင်မြှောက်ခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"**(ဃ) ရွေးကောက်ပွဲ**ဆိုသည်မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော်ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသောမဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာသတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်းပါဝင်သည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည် -

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့် အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သောရွေးကောက်ပွဲသည် လွတ်လပ်၍

တရားမျှတမှုမရှိကြောင်းအကြောင်းပြ၍ ကန့်ကွက်လိုလျှင်ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း (၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့်လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန်ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်ကကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီးဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်းမကုန်ဆုံးမီ တစ်နှစ်အတွင်းဖြစ်ပါက အစားထိုး ရွေးကောက်တင်မြှောက်ခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် )

## ဥပဒေကြမ်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၂၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇-က နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆ တို့နှင့်အညီ လွှတ်တော်၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးအေးသာအောင် | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဦးဇော်မင်း | စစ်ကိုင်းတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၆) | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဦးထွန်းအောင် (ခ)<br>ဦးထွန်းထွန်းဟိန် | နောင်ချိုမဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒေါ်ခင်ငွေးကြွယ် | ချောင်းဆုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးကျော်စိုးလင်း | ပြည်ကြီးတံခွန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဝေလှိုင်ထွန်း | ပုသိမ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဗိုလ်မှူးချုပ်မောင်မောင် | တပ်မတော်သား<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်ကြည်ညွန့် | မကွေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ည) | ဦးသိန်းလွင် | ကချင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ကျိန်ငိုက်မန် | ချင်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (ဌ) | ဒေါ်နွယ်နွယ်အောင် | မွန်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဍ) | ဦးကျော်ကျော် | ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာ<br>မြတ်ဉာဏစိုး | ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၃) | အတွင်းရေးမှူး |
| (ဏ) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | တွဲဖက်အတွင်းရေးမှူး |

၂။ နာယကသည် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ ပူးပေါင်းကော်မတီ၏ တာဝန်များ၊ အစည်းအဝေးများပြုလုပ်ခြင်းနှင့် အစီရင်ခံစာတင်ပြခြင်းနည်းလမ်းများသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၇၊ ၉၈၊ ၉၉ နှင့် ၁၀၀ တို့တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၄။ ပူးပေါင်းကော်မတီ၏သက်တမ်းသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းအတိုင်းဖြစ်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် လွှတ်တော်က တာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၇-က၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၁ တို့နှင့်အညီ လွှတ်တော်၏သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးအေးသာအောင် | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဦးစောသန်းထွန်း | ကရင်ပြည်နယ်၊<br>မဲဆန္ဒနယ်အမှတ် (၂) | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဦးအောင်မင်း | ဇလွန်မဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဦးစိုင်းသီဟကျော် | မိုင်းရယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးလင်းဇော်ထွန်း | မိုင်းဖြတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဘိုကြီး | ချောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ချိုချိုဝင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဗိုလ်မှူးချုပ်သန်းလွင် | တပ်မတော်သား<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ရွှေရွှေစိန်လတ် | ပဲခူးတိုင်းဒေသကြီး၊<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ည) | ဒေါ်ထုမေ | ရခိုင်ပြည်နယ်၊<br>မဲဆန္ဒနယ်အမှတ် (၁၁) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ရ) | ဦးသန်းစိုး (ခ) သန်းစိုး (ဘောဂဗေဒ) | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဌ) | ဦးဟင်နရီဗန်ထီးယူ | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ်အောင်စန်းချစ် | တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ပ) | ဒေါက်တာ စိုင်းဆိုင်ကျော်ဆမ် | ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၆) | အတွင်းရေးမှူး |
| (ဏ) | ဦးခင်မောင်သန်း | တောင်ငူမဲဆန္ဒနယ် | တွဲဖက်အတွင်းရေးမှူး |

၂။ နာယကသည် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ ပူးပေါင်းကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ အစည်းအဝေးများပြုလုပ်ခြင်းနှင့် အစီရင်ခံစာတင်ပြခြင်းနည်းလမ်းများသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၂၊ ၁၀၃၊ ၁၀၄ နှင့် ၁၀၅ တို့တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၄။ ပူးပေါင်းကော်မတီ၏သက်တမ်းသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းအတိုင်းဖြစ်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )

## ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းခြင်း

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၈ တို့အရ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | သူရဦးရွှေမန်း | | ဥက္ကဋ္ဌ |
| (ခ) | ဦးကိုကိုနိုင် | ရမည်းသင်းမဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးခင်မောင်ထွန်း | တွဲဖက်စစ်ထောက်ချုပ် (ငြိမ်း) | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်ဖေ | ညွှန်ကြားရေးမှူး (ငြိမ်း) မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (င) | ဦးဇော်မြင့်ဖေ | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>နိုင်ငံတော်အေးချမ်းသာယာရေးနှင့်<br>ဖွံ့ဖြိုးရေးကောင်စီရုံး | အဖွဲ့ဝင် |
| (စ) | ဦးမောင်တိုး | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)<br>မြန်မာ့ပုလဲလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဦးကြည်သာ | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)<br>ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဇ) | ဦးအေးမောက် | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)<br>စက်မှု (၁) ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးသိန်းလွင် | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)<br>မြန်မာ့ရေနံဓာတုလုပ်ငန်း | အဖွဲ့ဝင် |
| (ည) | ဦးတင်မောင်ဦး | ဗိုလ်မှူးကြီး (ငြိမ်း) | အဖွဲ့ဝင် |
| (ဋ) | ဦးဝင်းသန်း | ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)<br>ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးစောလှထွန်း | ကုမ္ပဏီဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာစိုးမိုးအောင် | မြို့နယ်ဦးစီးမှူး (ငြိမ်း)<br>တိမွေးကုဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဦးစိုးရယ် | လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဦးခင်မောင်တင် | သံအမတ်ကြီး (ငြိမ်း) | အဖွဲ့ဝင် |
| (တ) | ဦးတင်ဝင်း | ညွှန်ကြားရေးမှူး (ငြိမ်း)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ထ) | ဦးအောင်မြင့်ထွန်း | တွဲဖက်ပြည်နယ်ဥပဒေအရာရှိ (ငြိမ်း)<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဒ) | ဒေါ်သန်းသန်းရီ | ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဓ) | ဦးကျော်စန်း | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး (ငြိမ်း)<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (န) | ဦးအေးဟန် | ညွှန်ကြားရေးမှူး (ငြိမ်း)<br>တနင်္သာရီတိုင်းဒေသကြီး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ပ) | ဦးအောင်မြင် | ညွှန်ကြားရေးမှူး (ငြိမ်း)<br>ဧရာဝတီတိုင်းဒေသကြီး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဖ) | ဦးစံရွှေအောင် | အမြဲတမ်းအတွင်းဝန် (ငြိမ်း)<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ဦးခင်မောင်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

၂။ ဤကော်မရှင်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မရှင်၏သက်တမ်း**

၃။ ကော်မရှင်၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မရှင်၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်း တိုးနိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မရှင်၏သက်တမ်းကာလအတွင်း အဖွဲ့ဝင်များကို သင့်လျော်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅။ ကော်မရှင်သည် -

(က) တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်ရေး၊ ပယ်ဖျက်ရေး၊ အသစ်ပြဋ္ဌာန်း နိုင်ရေးတို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်။

(ခ) အထူးကိစ္စရပ်များ ပေါ်ပေါက်လာပါက ၎င်းကိစ္စရပ်များအား ဥပဒေအမြင်နှင့်ယှဉ်၍ လေ့လာ ဆန်းစစ်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

(ဂ) လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။

(ဃ) လွှတ်တော်ဥက္ကဋ္ဌက ကဏ္ဍအလိုက် သီးခြားသတ်မှတ်ပေးသည့် အထူးကိစ္စရပ်များအတွက် ကော်မရှင်အတွင်း တာဝန်ခွဲဝေ သတ်မှတ်ဆောင်ရွက်ရမည်။

(င) လွှတ်တော်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံသည့်အခါ အကြံဉာဏ် ပေးရမည်။

၆။ ကော်မရှင်သည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ် များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၇။ ကော်မရှင်အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်ရှိသည်။

၈။ ကော်မရှင်သည် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အပေါ် မူတည်၍ လုံခြုံမှုအဆင့်အတန်းကို သတ်မှတ်ဆောင်ရွက်နိုင်သည်။

**ကော်မရှင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၉။ ကော်မရှင်အဖွဲ့ဝင်များသည် လစဉ်ချီးမြှင့်ငွေ ၆၀၀,၀၀၀ိ/-၊ တာဝန်အရ ခရီးသွားလာခြင်းအတွက် အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ၅,၀၀၀ိ/- နှင့် အခြားအသုံးစရိတ် ၅,၀၀၀ိ/-၊ တာဝန်အရ ခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်ရက်လျှင် ၁၀,၀၀၀ိ/- ခံစားခွင့်ရှိသည်။ ထို့အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့် ရှိသည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )

## ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဥပဒေကြမ်းကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန် | နောင်ချိုမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဉာဏ်လင်း | ရွှေပြည်သာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်ခင်ဌေးကြွယ် | ချောင်းဆုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်စိုးလင်း | ပြည်ကြီးတံခွန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးဝေလှိုင်ထွန်း | ပုသိမ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးပါထန်း | မတူပီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်စိန် | ထားဝယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးစိုင်းဖိုးမြတ် | မူဆယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမင်းသိန်း | တောင်တွင်းကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးဌေးဌွေ | မြောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးဇော်ဝင်း | ထန်းတပင်မဲဆန္ဒနယ် (ပဲခူးတိုင်းဒေသကြီး) | အဖွဲ့ဝင် |
| (ဍ) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်မောင်မောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မရှင်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

### ကော်မတီ၏သက်တမ်း

၃။ ကော်မတီ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

## ကော်မတီ၏တာဝန်များ

၄။ ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှု ရှိ မရှိ။

(ခ) နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ။

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ မရှိ။

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြု ထိပါးစေမည့်အချက်များ ပါဝင်ခြင်း ရှိ မရှိ။

(င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ မရှိ။

(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ မရှိ။

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ မရှိ။

(ဇ) ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ မရှိ။

(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘော တူညီချက်များပါ တာဝန်အရ ရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူ စာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသောအချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ မရှိနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ မရှိ။

(ည) သက်ဆိုင်ရာဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ မရှိ။

(ဋ) ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေ ရှိ မရှိ။

(ဌ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ မရှိ။

၅။ ဥပဒေကြမ်းကို ကော်မတီတွင် ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက -

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကို ပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့်နေ့ရက်မှစ၍ ရုံးပိတ်ရက်များမပါ ခုနစ်ရက်အတွင်း ကော်မတီ၏ အစီရင်ခံစာကို ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဃ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(င) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်တွင် ဖတ်ကြားရှင်းလင်းရမည်။

၆။ ကော်မတီဝင်များသည် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယကက ဖွဲ့စည်းသော ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

၇။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

၈။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၉။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၁၀။ ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ -

(က) နိုင်ငံတော်နှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာအကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) ပြင်ဆင်ရန် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(င) အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့်နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင် -

(၁) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(၂) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

၁၁။ အပိုဒ် ၁၀ အရ ကော်မတီ၏ တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင် ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏သဘောတွင် အကျုံးဝင်သော တင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။

၁၂။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၁၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၄။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၅။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )

**ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ပြည်သူ့ငွေစာရင်းကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးအောင်မင်း | ဇလွန်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဘိုကြီး | ချောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးခင်ချို | လှိုင်းဘွဲ့မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးကံမြင့် | သရက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာတင်အောင် | ကျောက်ဆည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးရွှေလှ (ခ) ဦးရွှေလှဝင်း | သယ်န်းကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ချိုချိုဝင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်နီနီဒွန်း | ပေါက်ခေါင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးလင်းဇော်ထွန်း | မိုင်းဖြတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ည) | ဦးစိုင်းသီဟကျော် | မိုင်းရယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာအောင်ခင် | ပြင်ဦးလွင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးမျိုးညွန့် | ဟုမ္မလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးစစ်အေး | တောင်သာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်သန်းလွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးခင်မောင်သန်း | တောင်ငူမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည် -

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရ အဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။ ယင်းသို့ စိစစ် ရာတွင် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားရငွေများကို ပြည့်ဝစွာ ရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ မရှိ၊ သုံးစွဲခွင့်ပြုထားသော ငွေကြေးများကို ထိရောက်စွာ အသုံးပြု မပြု၊ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ သုံးစွဲခြင်း ရှိ မရှိတို့ကို စိစစ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(ဂ) အောက်ပါအချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရန် တာဝန်ရှိသည် -

(၁) ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ပြည်ထောင်စု လွှတ်တော်က ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးသည့်ကိစ္စများ၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ ဘဏ္ဍာရေးဝန်ကြီး ဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိသည့်ကိစ္စများ၊

(၃) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံနည်းလမ်း အားနည်းချက်များ၊

(၄) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်ထုတ်လုပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာစာရင်းများ၊ နှစ်ချုပ်စာရင်းများနှင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲ သုံးစားမှု ရှိ မရှိ စသည်တို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။

(င) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စု ဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ လုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေး ပေးရန် ညှိနှိုင်းချက်အရ စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို လည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

၅။ ကော်မတီက စိစစ်ပေးရန် လိုအပ်သောကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသည် -

(က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်း ဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) လွှတ်တော်၏ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန် လိုအပ်သည်ဟု လွှတ်တော်က ဆုံးဖြတ်၍ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်ပြီး ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည် တင်ပြရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက် ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၆။ ကော်မတီဝင်များသည် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယကက ဖွဲ့စည်းသော ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော် လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲ အဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၈။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၉။ အပိုဒ် ၄ နှင့် အပိုဒ် ၅ တို့ပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူ မလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

၁၀။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ် ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် ၄ ရက်ထက်မစော ၁၀ ရက်ထက်နောက်မကျသောနေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၁၁။ ကော်မတီနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့်ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု အကျုံးဝင်တူညီနေပါက ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ ညှိနှိုင်းဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

၁၂။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကြောင်းအကြောင်းဖော်ပြလျက် လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

## ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၃။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၄။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )

## ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄(က)၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က) နှင့် အမျိုးသားလွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ဥပဒေကြမ်းကော်မတီကို အောက်ပါအမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဇော်မင်း | မဲဆန္ဒနယ်အမှတ်(၆)၊ စစ်ကိုင်းတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်ကြည်ညွန့် | မဲဆန္ဒနယ်အမှတ်(၄)၊ မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဂ) | ဦးသိန်းလွင် | မဲဆန္ဒနယ်အမှတ်(၁၀)၊ ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်နန်းနီနီအေး | မဲဆန္ဒနယ်အမှတ်(၆)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ကျိန်ငိုက်မန် | မဲဆန္ဒနယ်အမှတ်(၇)၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (စ) | ဦးလားလ်မင်းထန် | မဲဆန္ဒနယ်အမှတ်(၁၀)၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာမျိုးအောင် | မဲဆန္ဒနယ်အမှတ်(၁၀)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်နွယ်နွယ်အောင် | မဲဆန္ဒနယ်အမှတ်(၂)၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် | မဲဆန္ဒနယ်အမှတ်(၄)၊ မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ည) | ဦးစိုင်းထွန်းအောင် | မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်ကျော် | မဲဆန္ဒနယ်အမှတ်(၄)၊ ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ဌ) | ဦးဆန်းမြင့် | မဲဆန္ဒနယ်အမှတ်(၃)၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဍ) | ဦးအောင်သိန်း | မဲဆန္ဒနယ်အမှတ်(၁၂)၊ ပဲခူးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်ခင်မောင်အေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာမြတ်ညဏစိုး | မဲဆန္ဒနယ်အမှတ်(၃)၊ ရန်ကုန်တိုင်းဒေသကြီး | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

### ကော်မတီ၏ သက်တမ်း

၃။ ကော်မတီ၏ သက်တမ်းသည် အမျိုးသားလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ တာဝန်များ**

၄။ ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှု ရှိ မရှိ၊

(ခ) နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့်ညီညွတ်မှု ရှိ မရှိ၊

(ဂ) နိုင်ငံတော်နှင့်အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များပါဝင်ခြင်း ရှိ မရှိ၊

(င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ မရှိ၊

(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ မရှိ၊

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ၊ ပါဝင်ခြင်း ရှိ မရှိ၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ မရှိ၊

(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရ ရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ မရှိ၊

(ည) သက်ဆိုင်ရာဥပဒေကြမ်းနှင့် သက်ဆိုင်သောမူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ မရှိ၊

(ဋ) ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေ ရှိ မရှိ၊

(ဌ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာ ပါရှိခြင်း ရှိ မရှိ။

၅။ ဥပဒေကြမ်းကို ကော်မတီတွင် ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက -

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့်နေ့ရက်မှစ၍ ရုံးပိတ်ရက်များမပါ ၇ ရက်အတွင်း ကော်မတီ၏ အစီရင်ခံစာကို ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဃ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေး ထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(င) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်တွင် ဖတ်ကြားရှင်းလင်းရမည်။

၆။ ကော်မတီဝင်များသည် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယကကဖွဲ့စည်းသော ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

၇။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

၈။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော် လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြား ခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၉။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၁၀။ ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ -

(က) နိုင်ငံတော်နှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန် သုံးသပ်ချက်များကို စိစစ်၍ လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) ပြင်ဆင်ရန် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင် ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(င) အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင် -

(၁) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို၊

(၂) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

၁၁။ အပိုဒ် ၁၀ အရကော်မတီ၏တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင်ပါရှိသည့်ကိစ္စနှင့် စပ်လျဉ်းသောတင်ပြချက်၊ အကြံပြုချက်များဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏ သဘောတွင်အကျုံးဝင်သော တင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။

၁၂။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၁၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၄။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၅။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၇၇/၂၀၁၅)

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| (၁) ဦးလဂန်ဇယ်ဂျုံး | ၁/ဝမန(နိုင်)၀၃၉၄၈၅ | ဝိုင်းမော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) ဦးတင့်စိုး | ၁/ကမန(နိုင်)၀၀၉၂၂၁ | ဖားကန့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) ဦးဇာနည်မင်း | ၁/ရကန(နိုင်)၀၀၄၂၃၃ | ရွှေကူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) ဦးနန်မွန်ထင် | ၁/မခဘ(နိုင်)၀၀၄၀၇၅ | မချမ်းဘော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ကယားပြည်နယ်** | | | |
| (၅) | ဒေါက်တာခင်စည်သူ | ၂/လကန(နိုင်)၀၀၉၀၄၈ | လွိုင်ကော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးပွဲ့ဒူ | ၅/စကန(နိုင်)၀၄၉၄၆၂ | ဖရူဆို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဒေါ်နန်းထွေးသူ | ၂/လကန(နိုင်)၀၀၄၅၆၂ | ဖားဆောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **ကရင်ပြည်နယ်** | | | |
| (၈) | ဦးစောဇစ်တာခလိုက် | ၃/သတန(နိုင်)၀၀၂၅၃၁ | သံတောင်ကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **ချင်းပြည်နယ်** | | | |
| (၉) | ဦးနိုယာအုပ် | ၄/ဟခန(နိုင်)၀၁၈၇၀၁ | ဟားခါး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဒေါ်နီရွှေလျှန်း | ၄/ထတလ(နိုင်)၀၀၀၈၉၈ | ထန်တလန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၁၁) | ဦးစိုးစံသက်ထွန်း | ၅/မမတ(နိုင်)၀၄၉၇၃၇ | မြင်းမူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးငွေးငွေ | ၅/မမန(နိုင်)၀၀၅၉၃၂ | မြောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးမြင့်သိန်း | ၅/ဝလန(နိုင်)၀၁၇၀၈၁ | ဝက်လက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးဝင်းမြင့်အောင် | ၅/ဒပယ(နိုင်)၀၀၇၁၄၃ | ဒီပဲယင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးသန့်စင်မောင် | ၅/စကန(နိုင်)၀၂၅၂၄၅ | မုံရွာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးမြင့်ဟန်ထွန်း | ၅/ဘတလ(နိုင်)၀၄၇၅၀၁ | ဘုတလင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးမျိုး | ၅/ခဥတ(နိုင်)၀၅၉၃၄၅ | ချောင်းဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးထွန်းထွန်းနိုင် | ၅/ကနန(နိုင်)၀၄၈၂၆၄ | ကနီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **ပဲခူးတိုင်းဒေသကြီး** | | | |
| (၁၉) | ဒေါက်တာဒေါ်ရွှေပုံ | ၇/ပခန(နိုင်)၀၁၂၀၀၈ | ပဲခူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးမြင့်ဦး | ၇/သနပ(နိုင်)၀၅၁၁၂၃ | သနပ်ပင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးတင်ထွေး | ၇/ဝမန(နိုင်)၀၉၁၃၆၀ | ဝေါ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၂) | ဒေါက်တာမြင့်သိန်း | ၇/ညလပ(နိုင်)၀၈၂၅၉၆ | ညောင်လေးပင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးခင်မောင်ဦး | ၇/ကတခ(နိုင်)၀၀၄၈၄၁ | ကျောက်တံခါး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးခင်မောင်သန်း | ၇/တငန(နိုင်)၁၀၄၅၃၁ | တောင်ငူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဦးမြင့်ငွေ | ၇/ကကန(နိုင်)၀၁၈၁၂၈ | ကျောက်ကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၆) | ဒေါ်ချိုချို | ၇/အတန(နိုင်)၀၇၁၄၅၀ | အုတ်တွင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၇) | ဒေါ်ခင်နှင်းသစ် | ၇/ပတန(နိုင်)၀၄၈၈၉၈ | ပန်းတောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၈) | ဦးအေးမင်းအောင်(ခ) ဦးမင်းမင်း | ၇/ပတတ(နိုင်)၀၀၀၆၄၄ | ပေါင်းတည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၉) | ဦးကျော်မင်း | ၇/လပတ(နိုင်)၀၂၆၆၀၇ | လက်ပံတန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၀) | ဒေါက်တာသန်းအောင်စိုး | ၉/အမရ(နိုင်)၀၇၂၅၀၃ | မင်းလှ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **မကွေးတိုင်းဒေသကြီး** | | | |
| (၃၁) | ဦးစိုးမြင့်(ခ)ဦးစိုးလွင် | ၈/ငဖန(နိုင်)၀၁၈၃၈၂ | ငဖဲ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၂) | ဦးကျော်အောင်လွင် | ၈/စတရ(နိုင်)၀၀၃၃၄၄ | စေတုတ္တရာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၃) | ဦးကျော်ကြီး(ခ)အုန်းခင် | ၈/မလန(နိုင်)၀၀၂၁၆၈ | မင်းလှ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၄) | ဦးတိုးရွှေ(ခ) ဒေါက်တာတင်ငွေးအောင် | ၈/ရစက(နိုင်)၀၀၅၂၄၉ | ရေစကြို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၅) | ဦးအောင်ခင်ဝင်း | ၈/မမန(နိုင်)၀၁၄၆၁၈ | မြိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | **မန္တလေးတိုင်းဒေသကြီး** | | | |
| (၃၆) | ဒေါက်တာအောင်ခင် | ၁၂/အစန(နိုင်)၀၀၄၁၅၄ | ပြင်ဦးလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၇) | ဦးနိုင်ထူးအောင် | ၉/နထက(နိုင်)၁၃၁၈၂၂ | နွားထိုးကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၈) | ဦးသောင်းအေး | ၁၃/လခန(နိုင်)၀၀၂၂၄၆ | ပျော်ဘွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် ( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (လေတပ်ဌာနစု)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

အမှတ်စဉ် ၆/၂၀၁၅။ ။ အောက်ပါဗိုလ်လောင်းများအား တပ်မတော် (လေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (လေ)**

**အုပ်ချုပ်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | ဒေါ်ကေသီအောင် | လေ | ၄၁၇၄ |
| (၂) | ဒေါ်သဲစုမွန် | လေ | ၄၁၇၅ |
| (၃) | ဒေါ်တိုးတိုးအေး | လေ | ၄၁၇၆ |
| (၄) | ဒေါ်နွယ်နီလှိုင် | လေ | ၄၁၇၇ |
| (၅) | ဒေါ်မြင့်မြတ်မွန်ခိုင် | လေ | ၄၁၇၈ |

### (ရေတပ်ဌာနစု)

အမှတ်စဉ် ၈/၂၀၁၅။ ။ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၊ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂) တွင် တက်ရောက်အောင်မြင်ခဲ့ကြသော အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**
**စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | ဒေါ်မေသဥ္ဇာထွန်း | ရေ | ၅၂၀၅ |
| (၂) | ဒေါ်ပြည့်ပြည့်အောင် | ရေ | ၅၂၀၆ |
| (၃) | ဒေါ်ဝါဝါနွယ် | ရေ | ၅၂၀၇ |

| | | | |
|---|---|---|---|
| (၄) | ဒေါ်လုဘူ | ရေ | ၅၂၀၈ |
| (၅) | ဒေါ်တင်ဇာလင်း | ရေ | ၅၂၀၉ |
| (၆) | ဒေါ်ဇင်မာအေး | ရေ | ၅၂၁၀ |
| (၇) | ဒေါ်ပန်းအိ | ရေ | ၅၂၁၁ |

အမိန့်အရ

ဗိုလ်ချုပ်လှုအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် )

အမှတ် ၁၀။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်နှင့်စစ်ကိုင်းတို့မှ အောက်ဖော်ပြပါ အရာထမ်း (၄) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ယှဉ်တွဲပါနေ့ရက်မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာန | အစမ်းခန့်အပ်သည့်နေ့ | အတည်ပြုခန့်အပ်သည့်နေ |
|---|---|---|---|
| (က) | ဒေါ်ခင်မြကြီး<br>ဒုတိယညွှန်ကြားရေးမှူး<br>လူငယ်သင်တန်းကျောင်းများဌာနခွဲ<br>ရုံးချုပ် | ၅-၁၁-၂၀၁၄ | ၅-၁၁-၂၀၁၅ |
| (ခ) | ဒေါ်စိုးစိုးငြိမ်း<br>ဒုတိယညွှန်ကြားရေးမှူး(စီမံရေးရာဌာန)<br>ဒီဂရီကောလိပ်၊ ရန်ကုန် | ၅-၁၁-၂၀၁၄ | ၅-၁၁-၂၀၁၅ |
| (ဂ) | ဦးစိုးကြည်<br>ဒုတိယညွှန်ကြားရေးမှူး(လေ့ကျင့်ရေး)<br>ဒီဂရီကောလိပ်၊ စစ်ကိုင်း | ၅-၁၁-၂၀၁၄ | ၅-၁၁-၂၀၁၅ |
| (ဃ) | ဒေါ်သီတာခိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>အိမ်တွင်းမှုသင်တန်းကျောင်းများဌာနခွဲ<br>ရုံးချုပ် | ၅-၁၁-၂၀၁၄ | ၅-၁၁-၂၀၁၅ |

သိန်းဌေးဦး၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်<br>( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**TAUNG HTATE PANN MINING COMPANY LIMITED**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င)

TAUNG HTATE PANN MINING COMPANY LIMITED ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ နောက်ဆုံးအစည်းအဝေးကို အမှတ် - ၉/၁၁၊ မကြီးကြီးလမ်း၊ ကျွန်း/မြောက် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၌ (၁၁-၄-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
TAUNG HTATE PANN MINING COMPANY LIMITED

**SEAGULL INTERNATIONAL COMPANY LIMITED**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င)

SEAGULL INTERNATIONAL COMPANY LIMITED ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ နောက်ဆုံးအစည်းအဝေးကို အမှတ် - ၉/၁၁၊ မကြီးကြီးလမ်း၊ ကျွန်း/မြောက် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၌ (၁၁-၄-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
SEAGULL INTERNATIONAL COMPANY LIMITED

**ENVIRONMENT & NATURE CONSERVATION ASSOCIATES COMPANY LIMITED**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ နောက်ဆုံးအစည်းအဝေး

ENVIRONMENT & NATURE CONSERVATION ASSOCIATES COMPANY LIMITED ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ နောက်ဆုံးအစည်းအဝေးကို အမှတ် - ၃၊ (၄) လွှာ၊ မာလာမြိုင် (၅) လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၌ (၁၁-၄-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ENVIRONMENT & NATURE CONSERVATION ASSOCIATES COMPANY LIMITED

**စိန်မဟာတံတိုင်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**(Diamond Great Wall Trading Company Limited)**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **စိန်မဟာတံတိုင်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်** ကို အစုရှယ်ယာရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၆. ၂. ၂၀၁၆) ရက်နေ့တွင် ကုမ္ပဏီ၌ ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အဖြစ် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ဝင်း (B.Com, R.A, C.P.A) တိုက်(၆)၊ အခန်း(၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေ(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၈-၄-၂၀၁၆) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်နန်းလှစိန်
မန်နေးဂျင်းဒါရိုက်တာ
စိန်မဟာတံတိုင်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့(ကိုယ်စား)

ဦးစိန်ဝင်း
(B.Com, R.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း ၀၁-၈၆၀၃၇၆၀

**Honda (Myanmar) International Construction Co.,Ltd.**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဟွန်ဒါ (မြန်မာ) အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်** ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၆. ၂. ၂၀၁၆) ရက်နေ့တွင် ကုမ္ပဏီ၌ ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အဖြစ် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ဝင်း (B.Com, R.A, C.P.A) တိုက်(၆)၊ အခန်း(၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေ(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၈-၄-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးတင်မောင်
မန်နေးဂျင်းဒါရိုက်တာ
ဟွန်ဒါ(မြန်မာ)အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့(ကိုယ်စား)

ဦးစိန်ဝင်း
(B.Com, R.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း ၀၁-၈၆၀၃၇၆၀

**NGWE EAIN SAN PUBLIC COMPANY LIMITED**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ငွေအိမ်စံအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်** ကို အစုရှယ်ယာရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၆. ၂. ၂၀၁၆) ရက်နေ့တွင် ကုမ္ပဏီ၌ ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အဖြစ် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ဝင်း (B.Com, R.A, C.P.A) တိုက်(၆)၊ အခန်း(၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေ(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၈-၄-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ကြည်ကြည်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
ငွေအိမ်စံအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့(ကိုယ်စား)

ဦးစိန်ဝင်း
(B.Com, R.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း ၀၁-၈၆၀၃၇၆၀

## MYANMA GON YI GEMS & JEWELLERY COMPANY LIMITED

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်ရက် | ---------------- | ၁. ၄. ၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | ---------------- | နံနက် ၁၀း၀၀ နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | ---------------- | ကုမ္ပဏီရုံးခန်း |

ဦးကျော်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
Myanma Gon Yi Gems & Jewellery Co.,Ltd.
စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ဝင်

ဦးဝင်းအောင်
Reg: No.5 [B.Com (A.A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက် (၂)၊ အခန်း (၅၀၁)၊ ရွှေထီးအိမ်ရာ
သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၃၀၁၃၃၁၈

## INFORMATION TECHNOLOGY CENTRAL SERVICES COMPANY LIMITED

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်ရက် | ---------------- | ၁. ၄. ၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | ---------------- | နံနက် ၁၀း၀၀ နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | ---------------- | ကုမ္ပဏီရုံးခန်း |

ဦးစိုးသိန်း
မန်နေးဂျင်းဒါရိုက်တာ
Information Technology Central Services Co.,Ltd.
စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ဝင်

ဦးဝင်းအောင်
Reg: No.5 [B.Com (A.A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက် (၂)၊ အခန်း (၅၀၁)၊ ရွှေထီးအိမ်ရာ
သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၃၀၁၃၃၁၈

## MYAN GON MYINT TRADING COMPANY LIMITED

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်ရက် | ---------------- | ၁. ၄. ၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | ---------------- | နံနက် ၁၀း၀၀ နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | ---------------- | ကုမ္ပဏီရုံးခန်း |

ဦးတင်စိုး
ဒါရိုက်တာ
Myan Gon Myint Trading Co.,Ltd.
စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ဝင်

ဦးဝင်းအောင်
Reg: No.5 [B.Com (A.A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက် (၂)၊ အခန်း (၅၀၁)၊ ရွှေထီးအိမ်ရာ
သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၃၀၁၃၃၁၈

## ဒီဂျစ်ဆယ်(လ်)မြန်မာ ကွန်ဆာ(လ်)တင်စီ ဆားဗစ်စစ်(စ်) လီမိတက်

(အစုရှင်များ ဆန္ဒအရဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ အပြီးသတ်

နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၁. ၃. ၂၀၁၆) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် **(အမှတ် - ၃၇၊ အခန်းအမှတ် - ၁၁၇၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။)** ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

MR. FRANCIS DAVID DILLON
MANAGING DIRECTOR
DIGICEL MYANMAR CONSULTANCY SERVICES LTD.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) ဒီဂျစ်ဆယ်(လ်)မြန်မာ
ကွန်ဆာ(လ်)တင်စီ ဆားဗစ်စစ်(စ်) လီမိတက်

## ဖလပ်တာ ဝမ်း ဂရု (ပ်) ကုမ္ပဏီလီမိတက်

## (Flutter One Group Co.,Ltd.)

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဖလပ်တာ ဝမ်း ဂရု (ပ်) ကုမ္ပဏီလီမိတက် (Flutter One Group Co.,Ltd.)** အား (၁-၂-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Aye Thida
Managing Director
FLUTTER ONE GROUP CO.,LTD.

Myat Lwin Moe
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

## Notice Under Section 206 (1) of The Myanmar Companies Act

## Velosi Asia (Jersey) Limited (Myanmar Branch)

(In Voluntary Liquidation)

At the Extraordinary General Meeting of the Shareholders of the Company held at on (1.2.2016) the resolutions that Company was wound up voluntarily and U Myat Lwin Moe, was appointed as a Liquidator were passed as special Resolutions.

For above resolutions, all persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below at the day on (8.4.2016) on before that day.

Myat Lwin Moe
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၁-၃-၂၀၁၆။